# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၉)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ ဂုဏ်ပြုသီချင်းသီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ သစ်တောရေးရာဝန်ကြီးဌာန အမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုအထိမ်းအမှတ်အခမ်းအနား၊ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

## တက်ရောက်

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✻



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း တည်ဆောက်ထားသည့် ပြည်နယ်၊ တိုင်းများရှိ ထင်ရှားသော အဆောက်အအုံများ၊ သဘာဝနေရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

# စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်သူများဖြစ်အောင် သင်တန်းကျောင်းများ လေ့ကျင့်ပြုစုပျိုးထောင်ပေး

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်ပယ်ကဏ္ဍ အသီးသီးတွင် သင်တန်းကျောင်းများ ဖွင့်လှစ်ကာ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်ပျိုးထောင်ပေးရာတွင် သင်တန်းသားများအား စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ထက်မြက်မှုကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်မှာ အရေးကြီးဆုံးဖြစ်သည်။

စိတ်ဓာတ်ဆိုရာတွင် မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ပင် ဖြစ်သည်။ ယင်းစိတ်ဓာတ်တို့သည် စွန့်လွှတ်၊ စွန့်စားတတ်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်ရန် လိုအပ်ပေသည်။

ထို့အတူ သင်တန်းကျောင်းများသည် သင်တန်းသားများအား စည်းကမ်းကောင်းမွန်အောင်လည်း လေ့ကျင့်ပေးသွားရန်အရေးကြီးပေသည်။ စည်းကမ်းရှိမှ တိုင်းပြည် တိုးတက်ဖွံ့ဖြိုးမည် ဖြစ်သည်။

စိတ်ဓာတ်နှင့် စည်းကမ်းအပြင် သင်တန်းသားများအား သက်ဆိုင်ရာ သင်တန်းအလိုက် စွမ်းရည်ထက်မြက်အောင်လည်း လေ့ကျင့်ပေးနိုင်ရမည် ဖြစ်သည်။ လုပ်ငန်းဆိုင်ရာစွမ်းရည်ထက်မြက်မှလည်း တိုင်းပြည်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

သင်တန်းကျောင်းများအနေဖြင့် ယင်းအခြေခံသုံးချက်ကို ပြည့်စုံအောင် တည်ဆောက်နိုင်မှသာလျှင် အပြိုင်အဆိုင် တိုးတက်လျက်ရှိသော ကမ္ဘာကြီးနှင့်အတူ မြန်မာနိုင်ငံသည်လည်း ရင်ပေါင်တန်း လိုက်ပါနိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ သင်တန်းကျောင်းများသည် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာတွင် တိုင်းချစ် ပြည်ချစ်စိတ် ရှင်သန်သူများဖြစ်ရေး၊ စည်းကမ်းကောင်းမွန်သူများဖြစ်ရေးနှင့် စွမ်းရည်ထက်မြက်သူများ ဖြစ်ရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးသွားရမည် ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၈–၁၂–၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၂၅ | ၄။ | ဟဒယရွှင်လန်း အငြိမ့်ခန်း |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄း၅၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၇။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၅း၃၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၁၁) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မေးမြန်းစူးစမ်း |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၁၅) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၁၂–၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ပဋ္ဌာန်းပါဠိတော် (ရွှေလင်းယုန်ဆရာတော်) |
| ၈း၀၀ | ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၀ | စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း) |
| ၉း၂၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ | သိမြင်သုတတိုးပွားစေရာ ဆင္ဒသင်္ဂါယနာ မော်ကွန်းပြတိုက်မှာ |
| ၁၀း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၄၅ | ဝိနည်းတော်နှင့်ညီသည့် သက်န်းဟူသည် |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင် |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ (ဒေါက်တာချစ်စိုး) |
| ၁၂း၀၅ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၂း၁၀ | တေးဂီတ အစီအစဉ် |
| ၁၂း၁၅ | Basic Computer Learning for Beginner (Vol-5) |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | ဖန်တီးသူတို့ အနုပညာ (အထူးပြုလုပ်ချက်များ) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါ(၆)နာရီစာ အစီအစဉ်များကို (၄)ကြိမ်ဆက်တိုက်၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၄ | Fulham-Middlesbrough | 5-Sports (Live) |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အိုပက်တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အင်ဂိုလာဝင်ခွင့်ရရှိ

**အဘူဂျာ ဒီဇင်ဘာ ၁၇**

အင်ဂိုလာနိုင်ငံအား ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် တရားဝင်လက်ခံလိုက်ပြီဖြစ်ကြောင်း အိုပက်အဖွဲ့က ဒီဇင်ဘာ ၁၅ရက်က ကြေညာသည်။

**ဆုံးဖြတ်လက်ခံ**

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အင်ဂိုလာနိုင်ငံအား အိုပက်ညီလာခံကအဖွဲ့ဝင်အဖြစ် တညီတညွတ်တည်း ဆုံးဖြတ် လက်ခံလိုက်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တော်၌ အိုပက်ဝန်ကြီးများ အစည်းအဝေးအပြီးတွင် အိုပက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဒုတိယအများဆုံး**

၁၉၇၁ခုနှစ်ကတည်းက အိုပက်လေ့လာသူ အဆင့်ရရှိထားသည့် အင်ဂိုလာနိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံပြီးလျှင် အာဖရိကတိုက်၌ ဒုတိယအများဆုံး ရေနံထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကန်မရိန်းတပ်သားထိန်းသိမ်းထားရေး သံတမန်ရေးလိပ်ခဲတည်းလည်းဖြစ်နေ

**မနီလာ ဒီဇင်ဘာ ၁၇**

ပြစ်ဒဏ်စီရင်ထားသော အမေရိကန် မရိန်းဒုတပ်ကြပ် ဒင်နီယယ်စမစ်အား သူထိန်းသိမ်းရေး၊ ကိုယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍အငြင်းပွားကာ ဖိလစ်ပိုင်နှင့် အမေရိကန်တို့မှာ သံတမန်ရေးလိပ်ခဲတည်းလည်းဖြစ်နေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနအရာရှိ တစ်ဦးက ဒီဇင်ဘာ၁၅ရက်တွင် ဝန်ခံလိုက်သည်။

အမေရိကန်သံရုံး၏ ပန်ကြားလွှာကို အယူခံတရားရုံးက ဆုံးဖြတ်ချက်မချမီ သံတမန်ရေးဆွေးနွေးပွဲကို ရပ်ဆိုင်းထားသည်ဟု အဆိုပါအရာရှိက ပြောကြားသည်။

မစ္စတာစမစ်မှာယမန်နှစ်နိုဝင်ဘာလက ဆူးဗစ်ပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်းဌာနချုပ်ဟောင်းတွင်အသက် ၂၃နှစ်အရွယ်ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးအပေါ် အဓမ္မကျူးလွန်မှုဖြင့် အပြစ်ရှိကြောင်း ဖိလစ်ပိုင်တရားရုံးက ဒီဇင်ဘာ ၄ရက်တွင် စီရင်ချက်ချလိုက်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဝါရှင်တန်၌ မုန်တိုင်းတိုက်ခတ်

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်း ဝါရှင်တန်နှင့် အော်ရီဂွန် တစ်ဝန်း၌ မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူလေးဦး သေဆုံးပြီး ထောင်ပေါင်းများစွာတို့ လျှပ်စစ်မီးမရဘဲ ဖြစ်ခဲ့ရကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

ယင်းမုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်အချို့ ဖျက်သိမ်းခဲ့ရကြောင်း၊ လမ်းမကြီးများပေါ်တွင် သစ်ပင်များ လဲကျခဲ့၍ အော်ရီဂွန်၌ အဓိကကားလမ်းမကြီးသုံးလမ်းလည်း ပိတ်ထားရကြောင်း၊ မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၄၀နှုန်းဖြင့် တိုက်ခတ်ခဲ့မှုကြောင့် ဓာတ်ကြိုးများ ပြတ်ကျပြီး သစ်ပင်များလဲပြိုကျခဲ့၍ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်မှ ဖိနပ်တင်ပို့မှု ပြန်လည်မြင့်တက်

**ဟနွိုင်း ဒီဇင်ဘာ ၁၇**

**ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပသို့ ဖိနပ်များတင်ပို့မှုသည် ၂၀၀၅ ခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံရှိရာမှ ယခု၂၀၀၆ခုနှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၃ဒသမ ၅ဘီလီယံသို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ် သားရေနှင့်ဖိနပ်လုပ်ငန်းအဖွဲ့အစည်း(လဖ်ဆို)က ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။**

ယခုနှစ်အတွင်း ဗီယက်နမ် ဖိနပ်တင်ပို့မှုသည် အီးယူနိုင်ငံများသို့တင်ပို့ရာတွင် အနည်းငယ် လျော့ကျသွားခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရာတွင် မြင့်တက်လာခဲ့ကြောင်း၊ ယခုနှစ် ပထမ ၁၀လအတွင်း အမေရိကန်ပြည်ထောင်စုသို့ သင်္ဘောဖြင့်ဖိနပ်တင်ပို့မှုကို ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၄၀ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းဖြင့် အဆိုပါ အဖွဲ့အစည်းက ပြောကြားသည်။

ဗီယက်နမ် ဖိနပ်ထုပ်လုပ်သူများသည် အမျိုးအစားကွဲပြားသောဖိနပ်များ ထုတ်လုပ်ပြီး ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ တောင်အာဖရိက နိုင်ငံအနေဖြင့် ယခုနှစ်ပထမ ၁၁လအတွင်း အမေရိကန်ဒေါ်လာ ၂၉ဒသမ ၄ သန်းရှိ ဗီယက်နမ် ဖိနပ်များ မှာယူတင်သွင်းခဲ့ကြောင်း၊ အဓိကအားဖြင့် သားရေနှင့် အဝတ်ဖိနပ်များ၊ တင်းနစ်ဖိနပ်များနှင့် ဘတ်စကတ်ဘော ဖိနပ်များကို အဓိက တင်သွင်းခဲ့ကြောင်း၊ နှစ်ချင်းအလိုက် မြင့်တက်မှု ၄၈ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း လဖ်ဆိုက ထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဖိနပ်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး နှစ်ချင်းအလိုက် မြင့်တက်မှု ၁၉ဒသမ ၃ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ရှေးနှစ်ပေါင်း၃၅၀၀ကစားရှည် ရိုမေးနီးယား၌ တူးဖော်တွေ့ရှိ

**ဘူခါရက် ဒီဇင်ဘာ ၁၇**

ရိုမေးနီးယားနိုင်ငံ အရှေ့မြောက်ပိုင်း နင့်မ်ခရိုင်တွင် သက်တမ်းနှစ်ပေါင်း ၃၅၀၀ရှိပြီဖြစ်သော ဓားရှည်တစ်ချောင်းကို ဒေသခံတစ်ဦးက တူးဖော်တွေ့ရှိကြောင်း ရိုမေးနီးယားသတင်းဌာန ရွှမ်ပရက်က ဒီဇင်ဘာ၁၅ရက်က ကြေညာသည်။

အဆိုပါ ရှေးဟောင်းဓားရှည်မှာ စင်တီမီတာ ၇၀ ရှည်ပြီး ရှားပါးသမိုင်းဝင်ပစ္စည်းဖြစ်ကြောင်း ခရိုင်ပြတိုက်များဌာနကြီးမှူး အေဒရီယင်အလူ ဂျော်ဂျီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတော်၏စေတနာ၊ ချမှတ်ထားသောဦးတည်ချက်များ မှန်ကန်ကောင်းမွန်မှု ပြည်သူများပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ် ပိတ်ဆို့မှုများသာမရှိပါက ယခုထက်အဆပေါင်းများစွာဖွံ့ဖြိုးလာမှာဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**ဧည့်သည်တော်ကြီးများနှင့် သတင်းစာ ဆရာကြီးများခင်ဗျား–**

ယနေ့သတင်းစာရှင်းလင်းပွဲမှာ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထား ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းရင်းနဲ့ တစ်ဆက်တည်း ကမ္ဘာပေါ်တွင် အကောင်အထည်ဖော်နေတဲ့ ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goal) ပြည့်မီရေးတွင် မြန်မာနိုင်ငံအနေနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွင်းကနေပြီး ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နေတာကို သိရှိနိုင်ဖို့လည်း ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

## ပူးပေါင်းဆောင်ရွက်

ထို့အပြင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေတာကိုလည်း ထည့်သွင်းပြောကြားသွားမှာဖြစ်ပါတယ်။

ယနေ့ရှင်းလင်းပွဲတွင် အပိုင်းနှစ်ပိုင်းနှင့် ရှင်းလင်းသွားမှာဖြစ်ပြီး ပထမပိုင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ရှင်းလင်းသွားပြီး ဒုတိယပိုင်းကိုတော့ အလုပ်သမားဝန်ကြီးဌာနမှ ရှင်းလင်းသွားမှာဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းတင်ပြပါမယ်။ ဧည့်သည်တော်များကို မြန်မာနိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှု စာအုပ်ကို ဖြန့်ဝေထားပါတယ်။ အဲဒီစာအုပ်ကို အခြေခံပြီးတော့ Power Point နဲ့ ရှင်းလင်းတင်ပြသွားပါမယ်။

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဂျီဒီပီတိုးတက်မှုနှုန်းနဲ့ တင်ပြမှာဖြစ်ပါတယ်။

## အဓိကကဏ္ဍကြီးသုံးခု

နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေတဲ့အတိုင်း စီးပွားရေးကို အဓိကကဏ္ဍကြီးသုံးခုဖြစ်တဲ့ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးသုံးရပ်နဲ့ ခွဲခြားနိုင်ပြီး ဤကဏ္ဍကြီးသုံးရပ်မှ စီးပွားရေးတစ်ရပ်လုံးကို လွှမ်းခြုံမိစေရန် စီးပွားရေးကဏ္ဍများကို ထပ်မံခွဲခြားနိုင်ပါတယ်။

လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှု ဆိုတဲ့ ကဏ္ဍ ၁၄ခု ပါဝင်ပါတယ်။

ဒီနေ့ရှင်းလင်းပွဲမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ကဏ္ဍပေါင်းစုံမှ မည်ကဲ့သို့အောင်မြင်မှုရရှိနေတာနဲ့ လက်ရှိလူမှုစီးပွားအခြေအနေများတွင် နိုင်ငံတော်ရဲ့ အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်မှုများကို အဓိကတင်ပြမှာဖြစ်ပါတယ်။

## ၁၉၈၅–၈၆ခုနှစ်မှ ၁၉၈၈–၈၉ခုနှစ်အထိ စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံ၏စီးပွားရေး(GDP)အနေဖြင့် ၁၉၈၆–၈၇ခုနှစ်မှစ၍ သုံးနှစ်ဆက်တိုက်ကျဆင်းခဲ့ရာ ၁၉၈၈–၈၉ခုနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၁၅ဒသမ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ စီးပွားရေးဆုတ်ယုတ်လာသည်နှင့်အမျှ နိုင်ငံရေးတည်ငြိမ်မှုကိုထိခိုက်စေခဲ့ကာ ၁၉၈၈ခုနှစ်တွင် တိုင်းပြည်မတည်မငြိမ်ဖြစ်ခဲ့ပြီး အစိုးရအပြောင်းအလဲဖြစ်ပေါ်ခဲ့ပါတယ်။ ၁၉၈၈ခုနှစ်အချိန်မှစ၍ နိုင်ငံတော်၏ စီးပွားရေးစနစ်ကိုလည်း ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းစနစ်မှ ဈေးကွက်အခြေခံသောစီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။

## ၁၉၈၉–၉၀ခုနှစ်မှ ၁၉၉၁–၉၂ခုနှစ်အထိ စီးပွားရေးအခြေအနေ

နိုင်ငံတော်အစိုးရသည် **၁၉၈၉–၉၀ခုနှစ်မှ ၁၉၉၁–၉၂ခုနှစ်**အထိ သုံးနှစ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဓိကထားဆောင်ရွက်ခဲ့ပါတယ်။ ယိုယွင်းကျဆင်းခဲ့သည့်စီးပွားရေးကို တည်ငြိမ်လာပြီး ပြန်လည်ဦးမော့လာစေရန် စီးပွားရေးတည်ငြိမ်ရေးအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံ၏စီးပွားရေးအနေဖြင့် ၁၉၈၉–၉၀ခုနှစ်မှ ၁၉၉၁–၉၂ခုနှစ်အထိ သုံးနှစ်အတွင်း ၅ဒသမ၉ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ အဆအားဖြင့် ၁ဒသမ၁ဆ တိုးတက်လာခဲ့ပါတယ်။

## ကာလတိုလေးနှစ်စီမံကိန်း စီးပွားရေးအခြေအနေ

နိုင်ငံတော်တည်ငြိမ်မှု ရှိလာသည့်အလျောက် ၁၉၉၂–၉၃ခုနှစ်မှစ၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ကာလတိုစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၂–၉၃ခုနှစ်မှ ၁၉၉၅–၉၆ခုနှစ်အထိ ကာလတိုလေးနှစ်စီမံကိန်းကို စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၅ဒသမ၁ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါတယ်။

ကာလတို လေးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းမှာ ၇ဒသမ၅ရာခိုင်နှုန်း အဆအားဖြင့် ၁ဒသမ၃ဆ တိုးတက်ခဲ့ပါတယ်။ လူတစ်ဦးစီ၏ဝင်ငွေမှာ ၁၉၉၁–၉၂ခုနှစ်တွင် ၄၄၉၆ကျပ်ရှိခဲ့ပြီး ၁၉၉၅–၉၆ခုနှစ်တွင် ၁၃၅၁၅ကျပ် ရှိခဲ့ပါတယ်။

နိုင်ငံတော်၏စီးပွားရေးကို အရှိန်မှန်မှန်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေမည့် လမ်းကြောင်းသို့ဦးတည်ပြီး ကာလတိုငါးနှစ်စီမံကိန်းကို ရေးဆွဲခဲ့ပါတယ်။

## ဒုတိယကာလတိုငါးနှစ်စီမံကိန်း စီးပွားရေးအခြေအနေ

ကာလတိုငါးနှစ်စီမံကိန်း(၁၉၉၆–၉၇ခုနှစ်မှ ၂၀၀၀–၂၀၀၁ခုနှစ်)ကို ငါးနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၆ဒသမ၀ရာခိုင်နှုန်းရရှိရန် ရည်မှန်းခဲ့ရာ စီမံကိန်းကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းတစ်နှစ်ပျမ်းမျှ ၈ဒသမ၅ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ အဆအားဖြင့် ၁ဒသမ၅ဆတိုးတက်ခဲ့ပါတယ်။ လူတစ်ဦးစီ၏ဝင်ငွေသည် ၁၉၉၅–၉၆ခုနှစ်တွင် ၁၃၅၁၅ကျပ်ရှိခဲ့ပြီး ၂၀၀၀–၂၀၀၁ခုနှစ်တွင် ၅၀၉၂၇ကျပ်ရှိခဲ့ပါတယ်။

ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း ကဏ္ဍကြီးများအလိုက် တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းများမှာ လယ်ယာကဏ္ဍကြီးတွင် ၇ဒသမ၃ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၁ဒသမ၄ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ဒသမ၅ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။

## တတိယကာလတိုငါးနှစ်စီမံကိန်း စီးပွားရေးအခြေအနေ

ကာလတိုငါးနှစ်စီမံကိန်း(၂၀၀၁–၂၀၀၂ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်)ကို ငါးနှစ်အတွင်းစီးပွားရေးတိုးတက်မှုနှုန်း တစ်နှစ်ပျမ်းမျှ ၁၁ဒသမ၃ရာခိုင်နှုန်း ရရှိရန် ရည်မှန်းခဲ့ပါတယ်။ စီမံကိန်းကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ တစ်နှစ်ပျမ်းမျှ ၁၂ဒသမ၈ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ အခြေခံနှစ်အပေါ် အဆအားဖြင့် ၁ဒသမ၈၃ဆ တိုးတက်ခဲ့ပါတယ်။ လူတစ်ဦးစီ၏ဝင်ငွေမှာ အခြေခံနှစ်တွင် ၅၀၉၂၇ကျပ်ဖြစ်ပြီး ၂၀၀၅–၂၀၀၆ခုနှစ်တွင် ၂၂၁၂၁၇ကျပ် ဖြစ်ခဲ့ပါတယ်။

ကဏ္ဍကြီးများအလိုက် စီမံကိန်းအကောင်အထည်ဖော်မှုအရ လယ်ယာကဏ္ဍကြီးတွင် ၉ဒသမ၈ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၂၃ဒသမ၅ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၃ဒသမ၉ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။

## လယ်ယာကဏ္ဍ

လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်ပြီး တစ်မျိုးသားလုံး၏ စီးပွားရေးတွင် တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၀၅–၂၀၀၆ခုနှစ်တွင် အချိုးအစားအားဖြင့် ၄၀ဒသမ၂ ရာခိုင်နှုန်း ပါဝင်ပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆန်စပါးဖူလုံရေးနှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရန် ဆောင်ရွက်ခဲ့ပါတယ်။

မြေဧရိယာတိုးချဲ့လာသည်နှင့်အညီ အသားတင်စိုက်ပျိုးသည့်မြေဧရိယာသည် ၁၉၈၈–၈၉ခုနှစ်တွင် ဧက၁၉ဒသမ၉သန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်(မတ်လကုန်)စာရင်းအရ ဧက၂၉ဒသမ၃သန်းအထိ ၁ဒသမ၅ဆ တိုးတက်လာခဲ့ပါတယ်။ သီးထပ် သီးညှပ်စိုက်ဧရိယာသည် ၁၉၈၈–၈၉ခုနှစ်တွင်ဧက၃ဒသမ၉သန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်(မတ်လကုန်)စာရင်းအရ ဧက၁၆ဒသမ၈သန်းအထိ ၄ဒသမ၃ဆတိုးတက်လာခဲ့ပါတယ်။ ထို့ကြောင့် စုစုပေါင်းသီးနှံစိုက်ဧရိယာသည် ဧက၂၃ဒသမ၈သန်းမှ ဧက၄၆ဒသမ၁သန်းအထိ ၁ဒသမ၉ဆတိုးတက်လာခဲ့သဖြင့် သီးနှံစိုက်ပျိုးမှုစွမ်းအားမှာ ၁၁၉ဒသမ၆ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၅၇ဒသမ၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။

## စိုက်ပျိုးမြေဧရိယာတိုးချဲ့

၂၀၀၅–၂၀၀၆ခုနှစ်(မတ်လကုန်)စာရင်းအရ စိုက်ပျိုးနိုင်သော မြေဧရိယာ ဧက ၄၃သန်းတွင် စိုက်ပျိုးရန်သတ်မှတ်ထားသည့် အသားတင်စိုက်ဧရိယာမှာ ဧက ၂၆ဒသမ၉သန်း၊ အချိုးအစားအားဖြင့် ၆၂ဒသမ၆ရာခိုင်နှုန်းဖြစ်ပြီး စုစုပေါင်းမြေဧရိယာဧက ၁၆၇ဒသမ၂သန်း၏ ၁၆ဒသမ၁ရာခိုင်နှုန်းရှိပါတယ်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးမြေဧရိယာတိုးချဲ့ရန် အလားအလာများစွာ ကျန်ရှိနေကြောင်း တွေ့ရှိရပါတယ်။

ဆည်မြောင်းတာတမံများ တိုးချဲ့လာသည်နှင့်အညီ ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာမှာ ၁၉၈၈–၈၉ခုနှစ်တွင် ဧက၂ဒသမ၅၂သန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်(မတ်လကုန်)စာရင်းအရ ဧက၅ဒသမ၅၂သန်းအထိ အဆအားဖြင့် ၂ဒသမ၂ဆ တိုးတက်ခဲ့ပါတယ်။

## သီးနှံအထွက်

သီးနှံစိုက်ပျိုးဧရိယာ တိုးတက်လာသည်နှင့်အမျှ အဓိကသီးနှံများ၏ အထွက်မှာ စပါး၂ဒသမ၁ဆ၊ ပဲအမျိုးမျိုး ၁၁ဆ၊ ဆီထွက်သီးနှံများ ၃ဒသမ၃ဆ၊ ဝါ ၃ဒသမ၉ဆ၊ ချက်ကြံရင့် ၃ဒသမ၃ဆနှင့် စားဖိုဆောင်သီးနှံ ၄ဒသမ၇ဆ အသီးသီး တိုးတက်ခဲ့ပါတယ်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသည်နှင့်အညီ လယ်ယာကဏ္ဍအသားတင် ထုတ်လုပ်မှု တန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါတယ်။

| | တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%) |
|---|---|
| – ပထမကာလတိုလေးနှစ်စီမံကိန်းကာလ | ၇ဒသမ၃ |
| – ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၆ဒသမ၃ |
| – တတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၈ဒသမ၅ |

## သားငါးကဏ္ဍ

သားငါးကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါတယ်။

| | တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%) |
|---|---|
| – ပထမကာလတိုလေးနှစ်စီမံကိန်းကာလ | ၄ဒသမ၆ |
| – ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၁၂ဒသမ၇ |
| – တတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၁၇ဒသမ၂ |

သားငါးကဏ္ဍတွင် အသားတင်ထုတ်လုပ်မှုမှာ ၄ဒသမ၉ဆ၊ ငါး၊ ပုစွန် ထုတ်လုပ်မှုမှာ ၃ဒသမ၈ဆ အသီးသီးတိုးတက်ခဲ့ပါတယ်။

## သစ်တောကဏ္ဍ

မြန်မာနိုင်ငံတွင် မြေဧရိယာ စုစုပေါင်း၏ ၅၂ရာခိုင်နှုန်းခန့်ကို သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသဖြင့် သစ်တောသယံဇာတမှာ အမြောက်အမြားရှိပါတယ်။ ၁၉၈၈/၈၉ခုနှစ်တွင် သစ်တောကြိုးဝိုင်းဧရိယာမှာ မြန်မာနိုင်ငံ စုစုပေါင်း မြေဧရိယာ၏ ၁၄ဒသမ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်တွင် ၂၃ဒသမ၂ ရာခိုင်နှုန်း အဆအားဖြင့် ၁ဒသမ၆ဆ ဖြစ်ပေါ်ခဲ့ပါတယ်။

သစ်တောကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာ ၁၉၈၈–၈၉ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် ဧရိယာနှင့် အပင်ပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

| | ၁၉၈၈–၈၉ (ထောင်ပေါင်း) | ၂၀၀၅–၂၀၀၆ မတ်လကုန်အထိ (ထောင်ပေါင်း) | တိုးတက်မှု ပမာဏ (ထောင်ပေါင်း) | တိုးတက် လာသည့် (အဆ) |
|---|---|---|---|---|
| အပင်ပေါင်း | ၃၉၄၈၄ | ၁၀၆၆၂၂ | ၆၇၁၃၈ | ၂ဒသမ၇ |
| စိုက်ပျိုးဧက | ၈၇၇ | ၂၃၆၉ | ၁၄၉၂ | ၂ဒသမ၇ |

သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးတိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါတယ်–

| | တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%) |
|---|---|
| – ပထမကာလတိုလေးနှစ်စီမံကိန်းကာလ | ၅ဒသမ၄ |
| – ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၃ဒသမ၂ |
| – တတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၃ဒသမ၆ |

## စွမ်းအင်ကဏ္ဍ

ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့ရန် ကြိုးပမ်းလျက်ရှိပါတယ်။ ယခုအချိန်တွင် နိုင်ငံခြားကုမ္ပဏီ ၁၃ခုသည် ကုန်းတွင်းနှင့် ကမ်းလွန်ဒေသများတွင် လုပ်ကွက်ပေါင်း ၃၃ကွက်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ဤသို့ ကြိုးပမ်းဆောင်ရွက်သည်နှင့်အညီ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ၁၉၈၈–၈၉ခုနှစ်တွင် ကုဗပေ ၃၉၀၈၅သန်းမှ ၂၀၀၅–၂၀၀၆ခုနှစ်(မတ်လကုန်) စာရင်းအရ ကုဗပေ ၄၀၂၈၉၆သန်း အထိထုတ်လုပ်နိုင်ခဲ့သဖြင့် တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၄ဒသမ၇ရာခိုင်နှုန်း အဆအားဖြင့် ၁၀ဒသမ၃ဆ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါတယ်။

စွမ်းအင်ကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါတယ်။

| | တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%) |
|---|---|
| – ပထမကာလတိုလေးနှစ်စီမံကိန်းကာလ | ၀ဒသမ၄ |
| – ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၂၇ဒသမ၂ |
| – တတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၁၃ဒသမ၉ |

## သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၀ဒသမ၄ ရာခိုင်နှုန်း ပါဝင်ပါတယ်။ သတ္တုကဏ္ဍ၏ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ၏ တိုးတက်ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

| ကုန်ပစ္စည်း | ရေတွက်ပုံ | ၁၉၈၈–၈၉ | ၂၀၀၅–၂၀၀၆ မတ်လကုန် အထိ | တစ်နှစ်ပျမ်းမျှ တိုးတက် မှုနှုန်း % | တိုးတက် လာသည့် (အဆ) |
|---|---|---|---|---|---|
| ရွှေ | ထရွိုင် အောင်စ | ၉၉၄ | ၂၂၉၄၉ | ၂၀ဒသမ၃ | ၂၃ဒသမ၁ |
| ကြေးနီ သတ္တုစင် | မ/တန် | ၁ | ၂၈၁၆၁ | ၈၂ဒသမ၇ | ၂၈၁၆၁ဒသမ၀ |
| သံစိမ်း | မ/တန် | ၆၈၈ | ၃၅၂၀ | ၁၀ဒသမ၁ | ၅ဒသမ၁ |

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါသည်။

| | တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%) |
|---|---|
| – ပထမကာလတိုလေးနှစ်စီမံကိန်းကာလ | ၂၁ဒသမ၂ |
| – ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ | ၂၀ဒသမ၉ |
| – တတိယကာလတို ငါးနှစ်စီမံကိန်းကာလ | ၁၅ဒသမ၁ |

## စက်မှုလက်မှုကဏ္ဍ

စက်မှုလက်မှုကဏ္ဍသည် တစ်မျိုးသားလုံး၏စီးပွားရေးတွင် ၂၀၀၅–၂၀၀၆ခုနှစ်၌ အချိုးအစားအားဖြင့် ၁၅ဒသမ၄ ရာခိုင်နှုန်းပါဝင်ပြီး ထုတ်လုပ်မှုကဏ္ဍများတွင် ဒုတိယအများဆုံးဖြစ်ပါတယ်။ ***စာမျက်နှာ ၄ ကော်လံ ၁***

# ပြည်ပကုန်သွယ်မှုတိုးတက်လာပြီး ပိုငွေဖြစ်ပေါ်ခဲ့ ရလဒ်ကောင်းများပိုမိုရရှိရန် ဆက်လက်ကြိုးပမ်းသွားမည်

*စာမျက်နှာ ၃ မှ*

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ၁၉၉၅-၁၉၉၆ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်များတည်ထောင်ခဲ့ရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်းကိုးခုတွင် စက်မှုဇုန်၁၈ဇုန်တည်ထောင်ခဲ့ပြီး စက်ရုံအလုပ်ရုံ စုစုပေါင်း ဦးရေ ၉၈၄၉ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၈၈ခုနှစ်တွင် စက်ရုံအလုပ်ရုံ ၂၈၄၇ရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၈၁၇၆အထိ တိုးတက်လာခဲ့သဖြင့် ၁၈နှစ်တာကာလအတွင်း စက်ရုံအလုပ်ရုံပေါင်း၅၃၂၉ ရုံတိုးလာပြီး အဆအားဖြင့် ၂ဒသမ၈ဆတိုးတက်ခဲ့ပါတယ်။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်နေသည်နှင့်အညီ စက်မှုလက်မှုကဏ္ဍအသားတင်ထုတ်လုပ်မှု တန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်းတိုးတက်ခဲ့ပါတယ်။

**တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%)**

- ပထမကာလတိုလေးနှစ်စီမံကိန်းကာလ ၉ဒသမ၁
- ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ ၁၀ဒသမ၄
- တတိယကာလတိုငါးနှစ်စီမံကိန်းကာလ ၂၃ဒသမ၈

## လျှပ်စစ်ဓာတ်အားကဏ္ဍ

တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အားမှာ ၁၉၉၈ခုနှစ်တွင် ၆၈၅မဂ္ဂါဝပ် ရှိပြီး၂၀၀၅-၂၀၀၆ခုနှစ်မတ်လကုန်အထိတွင် ၁၇၀၁မဂ္ဂါဝပ် ရှိပါတယ်။ အဆအားဖြင့် ၂ဒသမ၅ဆ တိုးတက်လာခဲ့ပါတယ်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားအသုံးပြုမှုမှာလည်း၃ဒသမ၇ဆ တိုးတက်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားကဏ္ဍအသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းမှာ အောက်ပါအတိုင်း တိုးတက်ခဲ့ပါတယ်။

**တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း(%)**

- ပထမကာလတိုလေးနှစ်စီမံကိန်းကာလ ၁၆ဒသမ၂
- ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ ၁၀ဒသမ၆
- တတိယကာလတိုငါးနှစ်စီမံကိန်းကာလ ၁၀ဒသမ၆

## အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံဒေသအသီးသီးတွင် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်းလုပ်ငန်းများ၊ လမ်း၊ တံတား၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

## ဆည်မြောင်းတာတမံများ

ဆည်မြောင်းတာတမံတည်ဆောက်ခြင်းလုပ်ငန်း၌ ၁၉၈၈ခုနှစ်တွင် ဆည်မြောင်းတာတမံ ၄၇၅ခု ရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်အထိ ၆၆၄ခုရှိခဲ့သဖြင့် ဆည်မြောင်းတာတမံ ၁၈၉ခု တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

## လျှပ်စစ်

၁၉၈၈ခုနှစ်မှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်အထိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ရုံနှင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံ ၁၆ရုံကို ဆက်လက်တည်ဆောက်လျက်ရှိပါတယ်။ တည်ဆောက်ပြီးစီးသော ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ လျှပ်စစ်ဓာတ်အား ၇၄၆ မဂ္ဂါဝပ် တပ်ဆင်ထားပါတယ်။ တည်ဆောက်ဆဲစက်ရုံ ၁၆ရုံ ပြီးစီးသည့်အခါတွင် ၁၀၄၁၃ မဂ္ဂါဝပ်တပ်ဆင်နိုင်မည်ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ တည်ဆောက်ပြီးစီးခဲ့သည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၀ရုံမှာ ၅၆၁ မဂ္ဂါဝပ်တပ်ဆင်လျက်ရှိပါတယ်။

တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အားမှာ ၁၉၈၈ခုနှစ်တွင် ၆၈၅ မဂ္ဂါဝပ်ရှိပြီး ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်အထိတွင် ၁၇၀၁မဂ္ဂါဝပ်ရှိပါတယ်။ အဆအားဖြင့် ၂ဒသမ၅ဆ တိုးတက်လာခဲ့ပါတယ်။လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၁၉၈၈ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၂၂၂၆ မှ ၂၀၀၅-၂၀၀၆ ခုနှစ် မတ်လကုန်အထိတွင် ၆၁၁၅အထိတိုးတက်ခဲ့ပြီး အဆအားဖြင့် ၂ဒသမ၇ဆ တိုးတက်ခဲ့ပါတယ်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ကီလိုဝပ်နာရီသန်းပေါင်း ၁၄၂၈ မှ ၅၃၂၅ အဆအားဖြင့် ၃ဒသမ၇ဆ တိုးတက်ဖြစ်ပေါ်ခဲ့ပါတယ်။

လျှပ်စစ်ဓာတ်အားလိုင်း ပို့လွှတ်ဖြန့်ဖြူးမှုတွင် ၁၉၈၈ခုနှစ်၌ သွယ်တန်းပြီး မိုင်၁၀၇၃၃ရှိခဲ့ပြီး ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၂၀၆၆၂မိုင်ရှိလာသဖြင့် ၉၉၂၉မိုင် တိုးချဲ့သွယ်တန်းနိုင်ခဲ့ပါတယ်။ အဆအားဖြင့် ၁ဒသမ၉ဆ တိုးလာခဲ့ပါတယ်။ လျှပ်စစ်မီးလင်းသည့် မြို့ရွာပေါင်းမှာ ၁၉၈၈ခုနှစ်တွင် ၂၈၆ မြို့ နှင့် ကျေးရွာပေါင်း ၇၄၁ ရွာရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၄၇၃မြို့နှင့် ၁၂၆၇ရွာအထိရှိလာသဖြင့် လျှပ်စစ်မီးလင်းသည့်မြို့ ၁၈၇မြို့နှင့် ရွာပေါင်း ၅၂၆ရွာ တိုးချဲ့ပေးနိုင်ခဲ့ပါတယ်။

## လမ်းတံတား

၁၉၈၈ခုနှစ်အထိ ပေ၁၈၀နှင့်အထက်တံတားပေါင်း ၇၄၅စင်းရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၁၁၄၉စင်းရှိလာသဖြင့် တံတားကြီးပေါင်း ၄၀၄စင်း ထပ်မံတည်ဆောက်ပြီးစီးခဲ့ပါတယ်။

ဒေသများအကြား မျှတစွာဖွံ့ဖြိုးမှု ရရှိစေရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းကို အလေးပေးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ခုနှစ်တွင် လမ်းစုစုပေါင်း ၂၀၅၄၈မိုင် ရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် လမ်းစုစုပေါင်း မိုင်၅၈၁၇၀အထိ တိုးတက်ခဲ့သည့်အတွက် ၃၇၆၂၂မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပါတယ်။ မီးရထားသံလမ်းအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၂၇၉၄မိုင် ရှိခဲ့ပြီး ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၄၀၃၄မိုင်ရှိသဖြင့် မိုင်၁၂၄၀ တိုးတက်လာခဲ့ပြီး အဆအားဖြင့် ၁ဒသမ၄ဆ တိုးတက်ခဲ့ပါတယ်။

## ပို့ဆောင်ဆက်သွယ်ရေး

လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန် ဒေသအသီးသီးတွင် လေဆိပ်ကြီးများတည်ဆောက်ခြင်း၊ လက်ရှိလေယာဉ်ကွင်းများကို ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ခုနှစ်တွင် လေယာဉ်ကွင်း ၆၆ကွင်း ရှိရာမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလကုန်တွင် ၇၃ခုအထိ ရှိလာသောကြောင့် လေယာဉ်ကွင်းခုနစ်ကွင်း တိုးလာပါတယ်။ ထို့အပြင် လေယာဉ်ကွင်း ၁၃ ခုကိုလည်း တိုးချဲ့ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်းများ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဆိပ်ကမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဆင့်မီ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းကြီးများကိုလည်း တည်ဆောက်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် ဆိပ်ခံတံတား ၁၅ခုရှိခဲ့ရာမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၃၂ခုအထိ တိုးတက်ခဲ့သဖြင့် ဆိပ်ခံတံတား ၁၇ခု တိုးတက်လာခဲ့ပါတယ်။ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ကုန်သေတ္တာစခန်းငါးခု တိုးတက်လာခဲ့ပါတယ်။

ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းသစ်များ တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်၍ ၁၉၈၈ခုနှစ်တွင် မိုက္ကရိုဝေ့ဗ်စခန်း ၇၁ခုရှိခဲ့ပြီး ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်တွင် ၂၃၀ ရှိလာသဖြင့် စခန်း ၁၅၉ခု တိုးလာခဲ့ပါတယ်။ အဆအားဖြင့် ၃ဒသမ၂ဆခန့် တိုးလာခဲ့ပါတယ်။

ထို့အပြင် ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်သော ဆယ်လူလာတယ်လီဖုန်းနှင့် CDMAတယ်လီဖုန်းများအပြင် ကမ္ဘာအရပ်ရပ်သို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်သည့် အင်တာနက်အီးမေးလ်လိုင်းများကိုလည်း တပ်ဆင်သုံးစွဲခဲ့ပါတယ်။ ယခုအခါ GSMတယ်လီဖုန်းစနစ်ကိုပါ သုံးစွဲနေပြီဖြစ်ပါတယ်။ တယ်လီဖုန်းအိတ်ချိန်းရုံးအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၂၄၅ရုံးမှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်အထိ ၈၆၆ရုံးရှိသဖြင့် ၆၂၁ရုံး တိုးလာခဲ့ပါတယ်။

## ပြည်ပကုန်သွယ်မှု

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်တန်ဖိုးအနေဖြင့် ပထမကာလတိုလေးနှစ်စီမံကိန်းတွင် တစ်နှစ်ပျမ်းမျှ ၁၇ဒသမ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်တန်ဖိုးတွင်တစ်နှစ်ပျမ်းမျှ ၂၁ဒသမ၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါတယ်။ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလ၌ ပို့ကုန်တန်ဖိုးမှာ တစ်နှစ်ပျမ်းမျှ ၁၇ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ တစ်နှစ်ပျမ်းမျှ ၄ဒသမ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ပို့ကုန်အနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်တွင် လျော့နည်းခဲ့သည်မှအပ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း နှစ်စဉ် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပါတယ်။ သွင်းကုန်ကို လျော့နည်းတင်သွင်းခဲ့ရာ ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်ခဲ့ပါတယ်။ ပထမလေးနှစ်စီမံကိန်းနှင့် ဒုတိယငါးနှစ်စီမံကိန်းတို့တွင် Balance of Trade မှာ လိုငွေဖြစ်ပေါ်နေပါတယ်။ Balance of Trade သည် ၂၀၀၂-၂၀၀၃ ခုနှစ်မှစတင်၍ လေးနှစ်ဆက်တိုက် ပိုငွေ ဖြစ်ပေါ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် အဓိကအားဖြင့် အာရှနိုင်ငံများနှင့် အများဆုံးကုန်သွယ်ပြီး စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ ၉၀ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဥရောပနိုင်ငံများမှ ၄ဒသမ၈ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံများမှ ၁ဒသမ၅ရာခိုင်နှုန်းနှင့် အာဆီယံနိုင်ငံများ၏ ပါဝင်မှုမှာ ၅၁ဒသမ၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်းပို့ကုန်သည် ၂၈ဒသမ၂ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန် ၃၁ဒသမ၉ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ စုစုပေါင်းကုန်သွယ်မှု တန်ဖိုးမှာ ၂၉ဒသမ ၄၉ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

## ငွေကြေးဖောင်းပွမှုနှုန်း

ပထမကာလတို လေးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၂၅ဒသမ၁၈ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၂၁ဒသမ၁၃ ရာခိုင်နှုန်းသို့ လျော့နည်းဖြစ်ပေါ်ခဲ့ပါတယ်။

အထူးသဖြင့် ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ငွေကြေးဖောင်းပွမှုနှုန်း သိသိသာသာ လျော့နည်းလာခဲ့ရာ ၁၉၉၉-၂၀၀၀ခုနှစ်တွင် ၁၆ဒသမ၀၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၀-၂၀၀၁ခုနှစ် မတ်လကုန်တွင် ၁ဒသမ၆၂ရာခိုင်နှုန်းအထိ လျော့နည်းဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၀၁ခုနှစ် ဧပြီလမှစ၍ ငွေကြေး ဖောင်းပွမှုနှုန်းတိုးမြင့်လာခဲ့ရာ နိုင်ငံတော်အနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ငွေကြေးဖောင်းပွနှုန်းမှာ ၂၀၀၅ခုနှစ် မတ်လတွင် ၃ဒသမ၇၆ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ပြန်လည်မြင့်တက်လာရာ ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ၁၆ဒသမ၄၄ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါတယ်။

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၉၈၈-၈၉ခုနှစ်မှ ၂၀၀၆ခုနှစ် စက်တင်ဘာလကုန်အထိ ခွင့်ပြုခဲ့ပြီးသော စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၃ဒသမ၈၄၉ ဘီလီယံရှိခဲ့ပါတယ်။ ၁၉၉၇ခုနှစ်မှစ၍ အာရှနိုင်ငံများ၏ ငွေရေးကြေးရေးနှင့် စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်ခဲ့ခြင်းနှင့် အနောက်နိုင်ငံအချို့မှ ယင်းတို့၏ ကုမ္ပဏီများအား မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံခြင်းကို ကန့်သတ်ခဲ့ခြင်းကြောင့် ၁၉၉၇-၉၈ခုနှစ်မှစ၍ နှစ်စဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ပြန်လည်တိုးတက်လာသည်ကို တွေ့ရပါတယ်။

စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၄-၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ၁၅၈သန်းနှင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ဒသမ၀၆ ဘီလီယံ အသီးသီးရှိခဲ့ပါတယ်။

စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် အာရှနိုင်ငံများမှ အများဆုံးဖြစ်ပြီး ၇၉ ဒသမ၅ရာခိုင်နှုန်း၊ ဥရောပနိုင်ငံများမှ ၁၇ဒသမ၃ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံများမှ ၃ဒသမ၂ရာခိုင်နှုန်း ပါဝင်ပါတယ်။ အာရှနိုင်ငံများအနက် အာဆီယံနိုင်ငံများမှ ၇၁ဒသမ၂ ရာခိုင်နှုန်း ပါဝင်ပါတယ်။

## စတုတ္ထကာလတိုငါးနှစ်စီမံကိန်း(၂၀၀၆-၂၀၀၇မှ ၂၀၁၀-၂၀၁၁)

### တစ်မျိုးသားလုံးနှင့်ပတ်သက်သည့်စီမံကိန်းရည်မှန်းချက်များ

စတုတ္ထကာလတို ငါးနှစ်စီမံကိန်း ရည်မှန်းချက်များအရ တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးကို စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ၁၂ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါတယ်။အဆအားဖြင့် အခြေခံနှစ်အပေါ် ၁ဒသမ၇၇ဆ ဖြစ်ပေါ်လာမည်ဖြစ်ပါတယ်။

### ၂၀၀၆-၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း

စတုတ္ထကာလတို ငါးနှစ်စီမံကိန်း (၂၀၀၆-၂၀၀၇ခုနှစ်မှ၂၀၁၀-၂၀၁၁ ခုနှစ်အထိ)၏ပထမနှစ်ဖြစ်သော ၂၀၀၆-၂၀၀၇ခုနှစ်အတွက် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်း ၁၂ရာခိုင်နှုန်း ရရှိရန်နှင့်ယင်းအနက် လယ်ယာကဏ္ဍကြီးတွင်၈ဒသမ၈ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၂၀ဒသမ၆ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၂ဒသမ၁ရာခိုင်နှုန်း အသီးသီးတိုးတက်ရန် ရည်မှန်းထားပါတယ်။

၂၀၀၆-၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အပေါ် ပထမသုံးလပတ် (ဧပြီလမှဇွန်လ)ကုန်အထိ အကောင်အထည်ဖော်မှုအရ စီးပွားရေးတိုးတက်မှုနှုန်း၁၄ဒသမ၄ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ကဏ္ဍကြီးများအလိုက်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၁၂ဒသမ၃ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၇ဒသမ၅ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၄ဒသမ၂ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။

၂၀၀၆-၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယသုံးလပတ်အတွင်း (ဇူလိုင်လမှစက်တင်ဘာလ) အကောင်အထည်ဖော်မှုအရ စီးပွားရေးတိုးတက်မှုနှုန်း၁၂ဒသမ၈ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယင်းအနက် လယ်ယာကဏ္ဍကြီးတွင် ၁၁ဒသမ၉ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၆ဒသမ ၉ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၁ဒသမ၉ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါတယ်။

၂၀၀၆-၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အပေါ် ဒုတိယသုံးလပတ်ကုန်အထိ (ဧပြီလမှစက်တင်ဘာလအထိ) အကောင်အထည်ဖော်မှု အရ စီးပွားရေးတိုးတက်မှုနှုန်း ၁၃ဒသမ၄ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ကဏ္ဍကြီးအလိုက်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင်၁၂ဒသမ၀ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၇ဒသမ၂ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၁၂ဒသမ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။

အခု ရှင်းလင်းပြောကြားခဲ့တာတွေကို အကျဉ်းချုပ်တင်ပြရလျှင် မြန်မာနိုင်ငံမှာ စီးပွားရေး စီမံကိန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ပထမ လေးနှစ်စီမံကိန်းတွင် တစ်နှစ်ပျမ်းမျှ ၇ဒသမ၅ရာခိုင်နှုန်း၊ ဒုတိယ ငါးနှစ်စီမံကိန်းတွင် တစ်နှစ်ပျမ်းမျှ ၈ဒသမ၅ရာခိုင်နှုန်း၊ တတိယငါးနှစ်စီမံကိန်းတွင် တစ်နှစ်ပျမ်းမျှ ၁၂ဒသမ၈ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ပါက စီမံကိန်း သုံးခုတွင် အဆအားဖြင့် ၁ဒသမ၃၄ဆ၊ ၁ဒသမ၅ဆနှင့် ၁ဒသမ၈၃ဆအသီးသီး တိုးတက်လာခဲ့ပါတယ်။ အဆိုပါ ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးဟာ တဖြည်းဖြည်း တိုးတက်လာပြီး ဒုတိယစီမံကိန်းမှာ ပထမစီမံကိန်းထက် တိုးတက်မှု အရှိန်အဟုန်ပိုမိုကောင်းမွန်ပြီး တတိယစီမံကိန်းမှာ ဒုတိယစီမံကိန်းထက် အရှိန်ပိုမိုမြင့်မားစွာနဲ့ တိုးတက်လာတာကို တွေ့ရှိနိုင်ပါတယ်။

လူတစ်ဦးချင်း၏ ဝင်ငွေမှာလည်း ပထမစီမံကိန်းမစမီ ၁၉၉၁-၉၂ခုနှစ်တွင် ၄၄၉၆ကျပ်မှ ယင်းစီမံကိန်း ပြီးဆုံးချိန်တွင် ၁၃၅၁၅ကျပ်၊ ဒုတိယနဲ့ တတိယစီမံကိန်းပြီးဆုံးချိန်တွင် ၅၀၉၂၇ကျပ်နဲ့ ၂၂၁၂၁၇ကျပ်အထိ အသီးသီးတိုးမြင့်လာခဲ့ပါတယ်။ *စာမျက်နှာ ၅ ကော်လံ ၁*

### မြန်မာနိုင်ငံတွင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ(နိုင်ငံအလိုက်) (၂၀၀၆ခုနှစ် စက်တင်ဘာလအထိ)

| | အမေရိကန်ဒေါ်လာ သန်းပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|
| အာရှနိုင်ငံများ | ၁၁၀၁၂ | ၇၉ ဒသမ ၅ |
| အာဆီယံ+၃ နိုင်ငံများ | ၁၀၄၆၂ | ၇၅ ဒသမ ၅ |
| အာဆီယံနိုင်ငံများ | ၉၈၆၁ | ၇၁ ဒသမ ၂ |
| ဂျပန် | ၂၁၅ | ၁ ဒသမ ၅ |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၉၄ | ၁ ဒသမ ၄ |
| ကိုရီးယားသမ္မတနိုင်ငံ | ၁၉၂ | ၁ ဒသမ ၄ |
| အိန္ဒိယ | ၃၅ | ၀ ဒသမ ၃ |
| အခြားနိုင်ငံများ | ၅၁၅ | ၃ ဒသမ ၇ |
| ဥရောပနိုင်ငံများ | ၂၃၈၈ | ၁၇ ဒသမ ၃ |
| ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ | ၂၃၇၉ | ၁၇ ဒသမ ၂ |
| အခြားနိုင်ငံများ | ၉ | ၀ ဒသမ ၁ |
| အမေရိကတိုက်နိုင်ငံများ | ၃၃၄ | ၂ ဒသမ ၄ |
| အမေရိကန်ပြည်ထောင်စု | ၂၄၄ | ၁ ဒသမ ၈ |
| အခြားနိုင်ငံများ | ၉၀ | ၀ ဒသမ ၆ |
| ဩစတြေးလျ | ၈၂ | ၀ ဒသမ ၆ |
| ရုရှား | ၃၃ | ၀ ဒသမ ၂ |
| **ပေါင်း** | **၁၃၈၄၉** | **၁၀၀** |

*စာမျက်နှာ ၄ မှ*

လယ်ယာကဏ္ဍကြီးအနေဖြင့် ပထမစီမံကိန်းတွင် ပျမ်းမျှတစ်နှစ်လျှင် ၆ဒသမ၄ရာခိုင်နှုန်း၊ ဒုတိယစီမံကိန်းတွင် ၇ဒသမ၃ရာခိုင်နှုန်း၊ တတိယစီမံကိန်းတွင် ၉ဒသမ၃ရာခိုင်နှုန်းအသီးသီးအရှိန်အဟုန်မြှင့်၍ တိုးတက်လာခဲ့ပါတယ်။

စက်မှုကဏ္ဍကြီးတွင်လည်း ပထမစီမံကိန်းတွင် ပျမ်းမျှတစ်နှစ်လျှင် ၁၁ ဒသမ၆ရာခိုင်နှုန်း၊ ဒုတိယစီမံကိန်းတွင် ၁၁ဒသမ၄ရာခိုင်နှုန်း၊ တတိယ စီမံကိန်းတွင် ၂၃ဒသမ၅ရာခိုင်နှုန်းဖြင့် အသီးသီးအရှိန်မြှင့်၍ တိုးတက်လာခဲ့ပါတယ်။

## ဝန်ဆောင်မှုကဏ္ဍ

ဝန်ဆောင်မှုကဏ္ဍတွင်လည်း ပျမ်းမျှတစ်နှစ်လျှင် ပထမစီမံကိန်း၌ ၇ဒသမ၃ ရာခိုင်နှုန်း၊ ဒုတိယစီမံကိန်းတွင် ၈ဒသမ၅ရာခိုင်နှုန်း၊ တတိယစီမံကိန်းတွင် ၁၃ဒသမ၉ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ပါတယ်။

လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုကဏ္ဍကြီး သုံးခုစလုံးတွင် တိုးတက်မှုနှုန်းမှာ အရှိန်အဟုန်မြင့်ပြီး တိုးတက်နေတာကို တွေ့မြင်နိုင်ပါတယ်။

တိုင်းပြည်၏ စိုက်ပျိုးထုတ်လုပ်မှုကိုကြည့်ပါက သီးနှံစိုက်ပျိုးသည့် ဧရိယာမှာ ယခင်ကထက် နှစ်ဆ၊ ရေသွင်းစိုက်ပျိုးသည့် ဧရိယာတွင် ၂ဒသမ၂ဆ တိုးတက်လာပြီး အဓိကသီးနှံထုတ်လုပ်မှုတွင်လည်း စပါးတွင် ယခင်ကထက် ၂ဒသမ၁ဆ၊ ပဲတွင်၁၁ဆ၊ ဝါတွင်၃ဒသမ၉ဆ၊ ကြံတွင်၃ဒသမ၃ဆ၊ ဆီထွက်သီးနှံတွင် ၃ဒသမ၃ဆ၊ စားဖိုဆောင်သီးနှံတွင် ၄ဒသမ၇ဆ၊ အသားတွင် ၄ဒသမ၉ဆ၊ ငါးပုစွန်တွင် ၃ဒသမ၈ဆ ပိုမိုထွက်ရှိနေပြီဖြစ်ပါတယ်။

## အခြေခံအဆောက်အအုံကဏ္ဍ

အခြေခံအဆောက်အအုံကဏ္ဍတွင် လမ်းအရှည်စုစုပေါင်း သုံးဆ၊ စက်ရုံအလုပ်ရုံ အရေအတွက် ၂ဒသမ၈ဆ၊ ပေ ၁၈၀အထက် တံတားစင်းရေ ၁ဒသမ၅ဆ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၂ဒသမ၇ဆ၊ ဓာတ်အားလိုင်းအရှည် ၁ဒသမ၉ဆ၊ မိုက်ကရိုဝေ့ဗ်စခန်းပေါင်း ၃ဒသမ၂ဆအထိ တိုးတက်များပြားလာတာကို တွေ့ရပါတယ်။

ယခုကဲ့သို့ တိုင်းပြည်အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်နေခြင်းသည် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ညီညွတ်စွာ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါတယ်။

နိုင်ငံတော်၏ စေတနာ၊ ချမှတ်ထားသော ဦးတည်ချက်များ မှန်ကန်ကောင်းမွန်မှု၊ ကြိုးပမ်းအားထုတ်မှုများအပေါ် ပြည်သူများရဲ့ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ တစ်တိုင်းပြည်လုံး၊ နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် အေးချမ်းမှုရရှိလာပြီး မျှတစွာဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။

### မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ (၁၉၉၆–၉၇ခုနှစ်မှ ၂၀၀၅–၀၆ခုနှစ်အထိ)




## တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားကဏ္ဍများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံကို ချမ်းသာကြွယ်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးလျက်ရှိပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍတိုးချဲ့ရေးနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းပိုင်းများတွင် သိသာစွာ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပကုန်သွယ်ရေး အနေအထားကိုကြည့်ရင် ၁၉၇၇–၁၉၇၈ခုနှစ်မှစ၍ ၂၂နှစ်တိုင် လိုငွေဖြစ်ပေါ်ခဲ့ပါတယ်။ သို့ရာတွင် ၂၀၀၂–၂၀၀၃ခုနှစ်မှစတင်၍ ပြည်ပကုန်သွယ်မှုတွင် တိုးတက်လာပြီး **ပိုငွေ** ဖြစ်ပေါ်ခဲ့ပါတယ်။ရလဒ်ကောင်းများ ပိုမိုရရှိရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော် ကာလအတွင်း မြန်မာနိုင်ငံရဲ့ သာမန်နိုင်ငံခြား ပိုငွေ/လိုငွေစာရင်းမှာ ဆက်တိုက်အနုတ်လက္ခဏာပြခဲ့ရာမှ နိုင်ငံတော်က အပေါင်းလက္ခဏာဖြစ်စေရေးကို ကြိုးပမ်းခဲ့တာကြောင့် ၂၀၀၂–၂၀၀၃ခုနှစ်မှစ၍ Current Account က ပိုငွေရရှိခဲ့ပြီးဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေ/လိုငွေနဲ့ သာမန်နိုင်ငံခြား ပိုငွေ/လိုငွေစာရင်း တိုးတက်လာခြင်းဟာ တိုးတက်ကောင်းမွန် ခိုင်မာတဲ့ စီးပွားရေးဖြစ်ပေါ်စေရေးအတွက် အရေးပါတဲ့ အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။

ငွေကြေးဖောင်းပွမှုအနေအထားမှာတော့ ယခင်က ပထမစီမံကိန်း၊ ဒုတိယ စီမံကိန်းများတွင် အကြမ်းအားဖြင့် **၂၅ရာခိုင်နှုန်း** လောက်ရှိနေတာကို ကျဆင်းအောင် ကြိုးစားလုပ်ကိုင်ခဲ့ရာမှာ တတိယစီမံကိန်း အလယ်ပိုင်းလောက်မှာ **ငါးရာခိုင်နှုန်း** အောက်အထိ ကျဆင်းအောင်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ သို့သော်ပြန်မြင့်တက်လာတာတွေ့ရပြီး ဒါကိုပြန်လည်ကျဆင်းအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

# အမျိုးသားစီမံကိန်းဘောင်အတွင်းမှ MDG ရည်မှန်းချက်များ ပြည့်မီအောင် မိမိတို့စွမ်းအားစုဖြင့် အကောင်အထည်ဖော်ခဲ့

နိုင်ငံစီးပွားရေးရဲ့ အဓိကပြကိန်းသုံးခုမှာ GDP တွင် Hight Growth Rate ကို ဆက်လက်ရရှိထိန်းသိမ်းထားပြီး ဒုတိယပြကိန်းဖြစ်တဲ့ Current Account Balance ကလည်း ဆက်တိုက်ကောင်းမွန်နေတာ တွေ့နိုင်ပါတယ်။ Inflation တစ်ခုတည်း ယခုပြန်လည် မြင့်တက်နေလို့ ဒါကိုပြန်လည်ကျဆင်းအောင်လုပ်သွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တင်ပြတဲ့အချက်တွေကတော့ တရားဝင်ထုတ်ပြန်တဲ့ ကိန်းဂဏန်းများနဲ့ အချက်အလက်အမှန်များကို အခြေခံပြီးတင်ပြထားတာဖြစ်ပါတယ်။ မျက်မြင်တွေ့ရှိခြင်းကို လက်ခံရန်ဖြစ်ပါတယ်။ ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများနဲ့ စစ်မှန်တဲ့ရုပ်ဝတ္ထုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်တွေ့မြင်ပြီးသည့်နောက် မှန်ကန်စွာသုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ပကတိအရှိတရားနဲ့ ကြည့်ရှုတတ်တဲ့ပုဂ္ဂိုလ်များဆိုရင် မှန်ကန်စွာသုံးသပ်နိုင်မှာဖြစ်ပါတယ်။

ဒီလိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေခြင်းဟာ မြန်မာနိုင်ငံကို အနောက်နိုင်ငံတစ်နိုင်ငံက နည်းမျိုးစုံနဲ့ ပိတ်ဆို့နေတဲ့ကြားက ပြည်သူ၊ အစိုးရ၊ တပ်မတော်တို့ ညီညွတ်စွာကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုလိုတိုးတက်ဖွံ့ဖြိုးမှုများကို ရရှိနေခြင်းဖြစ်ပါတယ်။

ပိတ်ဆို့မှုများသာ မရှိပါက ယခုထက်အဆပေါင်းများစွာ တိုးတက်ဖွံ့ဖြိုးမှာဖြစ်ပါတယ်။ အခြားတစ်ဖက်မှ ကြည့်မယ်ဆိုရင် ပိတ်ဆို့မှုကမရည်ရွယ်ဘဲ မိမိတို့ကိုပို၍ ကိုယ့်အားကိုယ်ကိုးစေပါတယ်။ ကိုယ့်ဟာကိုယ်ကြိုးပမ်းအားထုတ်မှုနဲ့ဆောင်ရွက်ရင်း မိမိတို့အရည်အချင်း ပိုမိုမြင့်တက်လာခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝမြင့်မားရေးအတွက် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ညီညွတ်စွာ ဆက်လက်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

**ဧည့်သည်တော်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား–**

ဒုတိယပိုင်းအနေနဲ့ပြောကြားလိုသည့်အချက်ကတော့ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ(Millennium Development Goals)ကို မြန်မာနိုင်ငံမှအကောင်အထည်ဖော်ဆောင်ရွက်မှုများအကြောင်း ဖြစ်ပါတယ်။

## ထောင်စုနှစ်ကြေညာချက်

ဒီနေရာမှာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ ဖြစ်ပေါ်မှုကို အနည်းငယ် ပြောကြားလိုပါတယ်။ နယူးယောက်မြို့တွင် ၂၀၀၀ပြည့်နှစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သော နိုင်ငံပေါင်း ၁၈၉နိုင်ငံပါဝင်တဲ့ ကုလသမဂ္ဂထောင်စုနှစ်ထိပ်သီးဆွေးနွေးပွဲမှာ ဆင်းရဲနွမ်းပါးမှု လျော့ပါးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျား/မ ခွဲခြားမှုနှင့် ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများကို ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ထောင်စုနှစ် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာ စာတမ်းပါ ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ခုနှစ် မတိုင်မီ ပြည့်မီစေရန် ဆောင်ရွက်ကြမယ်လို့ ကမ္ဘာ့နိုင်ငံများက ကတိကဝတ်ပြုခဲ့ကြပါတယ်။ အဲဒီကတိကဝတ် ပြုခဲ့ကြတဲ့ ရည်မှန်းချက်များကိုတော့ MDG လို့ လူအများက သိရှိကြပါတယ်။

MDG တွင် ရည်မှန်းချက် goal ရှစ်ခု၊ ပန်းတိုင် target ၁၈ခု၊ အညွှန်းကိန်း indicator ၄၈ခု ပါဝင်ပါတယ်။ ပထမ ရည်မှန်းချက် ခုနစ်ခုကတော့ ဆင်းရဲနွမ်းပါးမှုကို လျော့ကျအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ဆောင်ရွက်တာဖြစ်ပြီး နောက်ဆုံးရည်မှန်းချက်ကတော့ ရှေ့ကရည်မှန်းချက် ခုနစ်ချက်ကို ရရှိစေဖို့အတွက် ကမ္ဘာတစ်ဝန်းလုံးက ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။

## ကူညီပံ့ပိုး

ထောင်စုနှစ်ရည်မှန်းချက်တွေပြည့်မီမှုရှိ/မရှိနဲ့ တိုးတက်မှုအခြေအနေကို ဖော်ပြတဲ့ကိန်းဂဏန်းတွေ၊ စာရင်းအင်းတွေကို သက်ဆိုင်ရာနိုင်ငံများက စုစည်းပြီး ကုလသမဂ္ဂနဲ့အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများရဲ့ စာရင်းအင်း အဖွဲ့များကို ပေးပို့ပါတယ်။ အချို့အညွှန်းကိန်းတွေရရှိဖို့ နိုင်ငံဆိုင်ရာ စစ်တမ်းကောက်ရပါတယ်။ ကုလသမဂ္ဂမှနိုင်ငံအလိုက်၊ ဒေသအလိုက် နှစ်စဉ်အစီရင်ခံစာ ပြုစုထုတ်ပြန်ပါတယ်။ ဒီလို MDG ရည်မှန်းချက်များနဲ့ပတ်သက်တဲ့ စာရင်းအချက်အလက်များကောက်ယူမှုမှာ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ကမ္ဘာ့ဘဏ်အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများက ကူညီပံ့ပိုးကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ၂၀၁၅ခုနှစ်တွင် MDG ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ သွင်းအားစုတွေ၊ MDG ပါ အညွှန်းကိန်းများ၏ တိုးတက်မှုအခြေအနေတွေကို အမြဲမပြတ်သိရှိထားရန်လိုပြီး နိုင်ငံ၏စီမံကိန်းအတွင်း ထည့်သွင်းပြီး ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ကြရပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကုလသမဂ္ဂမှ နှစ်စဉ်ထုတ်ဝေတဲ့ MDG Report အရ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေအနေတွေကိုသိရှိပြီး MDG ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုအစီအစဉ်များကို ငွေကြေးအကူအညီ၊ နည်းပညာအကူအညီများ ပံ့ပိုးကြပါတယ်။

## ကြိုးစားအကောင်အထည်ဖော်ခဲ့

မြန်မာနိုင်ငံအနေနဲ့ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်စသည့် အဖွဲ့အစည်းများရဲ့ အကူအညီပေးမှု မရရှိဘဲ ODA ရရှိမှုလည်း မရှိသလောက် နည်းပါးသွားပါတယ်။ သို့ရာတွင် မိမိနိုင်ငံရဲ့ အမျိုးသားစီမံကိန်းဘောင်အတွင်းမှနေပြီး MDG ရည်မှန်းချက်များကို ပြည့်မီအောင် မိမိတို့စွမ်းအားစုနှင့် ကြိုးစားအကောင်အထည်ဖော်ခဲ့ပါတယ်။ ထို့ကြောင့် MDG ရည်မှန်းချက်ပါ အညွှန်းကိန်းများ၏ အခြေအနေဟာ ကောင်းမွန်ကြောင်းတွေ့ရပါတယ်။

MDG တွင် အဓိကကျသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ နည်းဗျူဟာစာတမ်း Poverty Reduction Strategy Paper(PRSP) စုစည်းပြုစုပြီး ဖွံ့ဖြိုးမှုအစီအစဉ်ကို အကောင်အထည်ဖော်သည့်အခါ ဝင်ငွေနည်းပါးတဲ့နိုင်ငံများ (low income countries) ကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ငွေကြေးနှင့်ကျွမ်းကျင်မှုအကူအညီ ပေးကြသော်လည်း မြန်မာနိုင်ငံသို့ ယင်းအကူအညီ မပေးခဲ့ပါ။

သို့သော် ယခုလုပ်ငန်းစဉ်နှင့်ဆက်စပ်မှုရှိသည့် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှု အခြေအနေစစ်တမ်းလုပ်ငန်းစီမံချက် (Integrated Household Living Conditions Assessment Project)ကို UNDP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်၊ တိုင်း၁၄ခုတွင် မြို့နယ်ပေါင်း၁၀၀ကျော်၌ ၂၀၀၄–၂၀၀၅ခုနှစ်အတွင်းက စစ်တမ်းကောက်ယူခဲ့ပါတယ်။ MDG အညွှန်းကိန်းအချို့ကိုလည်း စီစဉ်ကောက်ယူခဲ့ပါတယ်။ MDG အညွှန်းကိန်း ၁၆ခုကို ရရှိခဲ့ပါတယ်။

## ထပ်မံထုတ်ဝေ

မိမိတို့နိုင်ငံအနေဖြင့် MDG ရည်မှန်းချက်များပါ အညွှန်းကိန်းများ၏ ကိန်းဂဏန်းအချက်အလက်များကို စုစည်းပြုစုပြီး ၂၀၀၅ခုနှစ် အစီရင်ခံစာကို ယမန်နှစ်က ထုတ်ဝေခဲ့ပါတယ်။ ယခု၂၀၀၆ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ MDG အစီရင်ခံစာကိုလည်း ထပ်မံထုတ်ဝေပြီးဖြစ်ပါတယ်။ အစီရင်ခံစာများ တွင်ပါရှိသော လုပ်ငန်းအကောင်အထည်ဖော်မှုအများစုသည် မိမိတို့အစီအစဉ်နှင့် မိမိတို့ရဲ့ Resources များအရသာဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ MDG ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ၏ ၂၀၀၆ခုနှစ် MDG အစီရင်ခံစာတို့ကို ကြည့်ရှုနိုင်ပါရန် ပြသထားပါတယ်။

မြန်မာနိုင်ငံရဲ့ MDG နှင့်ပတ်သက်သည့် လက်ရှိအခြေအနေ၊ အချက်အလက်တွေကို ဆက်လက်ရှင်းပြပါမယ်။

ရည်မှန်းချက်(၁)မှာ Eradicate Poverty and Hunger ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးသူနှင့် ငတ်မွတ်သူအချိုး ထက်ဝက် လျှော့ချရန်ဖြစ်ပါတယ်။ မြန်မာပြည်တွင် အစားအစာငတ်မွတ်ခြင်း ပြဿနာမရှိပါ။ မြန်မာလူမျိုးများ အဓိကစားသုံးသည့်ဆန်မှာ ယခုအခါ ယခင်ကထက်နှစ်ဆခန့် နိုင်ငံတွင်ထွက်ရှိပြီး လူဦးရေမှာ ယခင် ၁၉၈၀ပြည့်လွန်နှစ်များက သန်း ၄၀ ခန့်မှ ယခု၅၅သန်းကျော်ရှိပြီး လူဦးရေတိုးတက်မှုနှုန်းနှင့် နှိုင်းစာပါက ဆန်လုံလောက်ပြီး ပိုလျှံပါတယ်။ အသားမှာ ယခင်ကထက်ငါးဆ၊ ငါးနှင့်ပုစွန်မှာ ယခင်ကထက် လေးဆခန့်နှင့် စားဖိုဆောင်သီးနှံမှာ ယခင်ကထက် ၄ ဒသမ ၇ဆ ထုတ်လုပ်နေတဲ့အတွက် အစားအသောက်မလုံလောက်မှုပြဿနာ မရှိပါ။

## အခက်အခဲမရှိ

ငတ်မွတ်သူအချိုး ထက်ဝက်လျှော့ကျစေရန် target တွင် အာဟာရပြည့်ဝစွာ စားသုံးမှုအညွှန်းကိန်းဖြင့် တိုင်းတာရန်ဖြစ်ပါတယ်။ အာဟာရပြည့်ဝမှုအနေအထားကို တိုင်းတာသည့် အသက်(၅)နှစ်အောက် သတ်မှတ်ကိုယ်အလေးချိန်ထက် လျော့နည်းသော ကလေးအရေအတွက်ရဲ့နှုန်းထားမှာ လျော့ကျနေတာတွေ့ရပါတယ်။ အာဟာရပြည့်ဝရေးဆိုင်ရာ စီမံချက်များလည်း လုပ်ဆောင်နေပါသဖြင့် ရည်မှန်းချက်(၁) အညွှန်းကိန်း(၄)အတွက် မြန်မာပြည်တွင် အခက်အခဲ တစ်စုံတစ်ရာမရှိပါဟု ပြောကြားလိုပါတယ်။

ရည်မှန်းချက်(၂)ကတော့ အခြေခံပညာပြီးဆုံးစေရေး(To achieve universal primary education)မှာ မြန်မာပြည်၏ကိန်းဂဏန်းများ ကောင်းမွန်ပြီး ပြည့်မီနေပါတယ်။ ကျောင်းဝင်နှုန်း၊ မူလတန်းလွန် ကျောင်းနေနှုန်းများလည်း ကောင်းပါတယ်။ MDG ပညာရေး target များအပါအဝင် ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ပြီးခဲ့တဲ့လ ၂၉ရက်နေ့က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပညာရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် ပါဝင်ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် အသေးစိတ်ကို ပြောကြားခြင်းမပြုတော့ပါ။

ရည်မှန်းချက်(၃)ဖြစ်သည့် ကျား၊ မတန်းတူရည်တူရှိစေရေး(Promote gender equanty and empower women)နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိပါဘူး။ အခြေခံကျောင်းများနှင့် တက္ကသိုလ်များတွင် မိန်းကလေးဦးရေမှာ ယောကျ်ားလေးဦးရေထက်ပင် များနေတာတွေ့ရပါတယ်။

ရည်မှန်းချက်(၄)ဖြစ်သည့် ကလေးလူငယ် သေဆုံးမှုနှုန်းလျှော့ချရေး (Reduce Child Mortality)ကတော့ trend ကောင်းပါတယ်။

ရည်မှန်းချက်(၅)ဖြစ်သည့် Improve Maternal Health တွင် သားဖွားမိခင်သေဆုံးမှုနှုန်းရဲ့ trend သိသိသာသာ ကျဆင်းမှုမရှိသေးသဖြင့် ရည်မှန်းချက်(၅)ကို ပြည့်မီအောင် ဆောင်ရွက်ဖို့လိုမည်ဖြစ်ပါတယ်။

## အောင်မြင်မှုရှိ

ရည်မှန်းချက်(၆)ကတော့ HIV/AIDS, Malaria and other Diseases တိုက်ဖျက်ရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားကျန်းမာရေးအစီအစဉ်အပြင် UN အဖွဲ့အစည်းများဖြင့်လည်းကောင်း၊ 3D Fund အစီအစဉ်ဖြင့်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

# ပြည်ပြေး မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေသည် FTUB ကို ခြေကုပ်ယူပြီး နယ်စပ်တစ်လျှောက် သတင်းမှားများ၊ မတရားစွပ်စွဲချက်များ ILO ကို အစီရင်ခံစာတင် ယင်းတို့၏စွပ်စွဲချက်များသည် မမှန်ကန်သည့်အပြင် မိမိတို့၏ပြည်တွင်းရေးကို စွက်ဖက်ရာရောက်

နေပြည်တော် ဒီဇင်ဘာ ၁၇

**အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ILO - မြန်မာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်ကြည်၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**ညှော့်သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–**

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ILO - မြန်မာ ဆက်ဆံရေးအခြေအနေများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

## အဆများစွာ တိုးတက်လာ

ပထမပိုင်းအနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမှုအခြေအနေကို တင်ပြမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်းလုံးတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေး၊ ပြည်သူများစားဝတ်နေမှု ပြေလည်စေရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေ ချောမွေ့စေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ဆောက်ရေးနှင့် အခြားတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိပုံများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းတင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်များကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ အဆများစွာ တိုးတက်လာစေခဲ့ပါတယ်။ ASEAN Finance and Macroeconomic Surveillance Unit Database အရ မြန်မာနိုင်ငံဟာ အာဆီယံ ၁၀ နိုင်ငံထဲမှာ အလုပ်လက်မဲ့အနည်းဆုံး စတုတ္ထအဆင့်ရှိတဲ့နိုင်ငံဖြစ်လာပါတယ်။ မြန်မာနိုင်ငံမှာ အခုလိုအလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်လာရတဲ့အကြောင်းတရားများကို ကဏ္ဍအလိုက် အကျဉ်းချုပ်တင်ပြရမယ်ဆိုရင်–

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ ရေနက်ကွင်းဒေသများကို စိုက်ပျိုးမြေ သယံဇာတများအဖြစ် ဖော်ထုတ်ခြင်း၊ ဆည်မြောင်းတာတမံများ၊ ရေလှောင်တမံများတိုးချဲ့ဆောက်လုပ်ခြင်း၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်း၊ နှစ်တိုနှင့်နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ တောင်ယာအစားလှေကားထစ်လယ်ယာများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုခြင်း၊ ဘိန်းအစားအခြားသီးနှံများ အစားထိုးစိုက်ပျိုးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအား စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံစေခြင်းစသည့်လုပ်ငန်းများအပြင် စိုက်ပျိုးရေးဘဏ်၊ မျိုးစေ့ဘဏ်များကိုလည်း တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။

## ပြည်ပသို့တင်ပို့ရောင်းချနိုင်

မွေးမြူရေးကဏ္ဍတွင်လည်း ကြက်၊ ဝက်၊ ငါး၊ ပုစွန်စသည်တို့ကို သီးသန့်မွေးမြူရေးခြံကြီးများဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် တွဲဖက်၍လည်းကောင်း တိုးချဲ့မွေးမြူလျက်ရှိပါတယ်။ ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်း၊ စပါးနှင့်ငါးမွေးမြူခြင်း၊ လိပ်သားဖောက်မွေးမြူခြင်း၊ မိကျောင်းမွေးမြူခြင်းနှင့် ခေတ်မီပျားမွေးမြူခြင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့လုပ်ဆောင်လျက်ရှိရာ ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်လျက်ရှိပါတယ်။

သစ်တောကဏ္ဍတွင်လည်း သစ်တောစိုက်ခင်းသစ်များ ထူထောင်ခြင်း၊ အပူပိုင်းစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများစနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ သစ်တောကြိုးဝိုင်းများ ပြန်လည်ဖွဲ့စည်းပေးခြင်း၊ သစ်တောပြန်လည်ပြုစုခြင်း၊ ဘေးမဲ့တောများနှင့် သဘာဝဥယျာဉ်ကြီးများ သတ်မှတ်ဖော်ထုတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝအပန်းဖြေနေရာများ သတ်မှတ်ခြင်း၊ သစ်တောပျိုးဥယျာဉ်များ တည်ထောင်ခြင်းစသည့်လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။

တွင်းထွက်ကဏ္ဍတွင် သတ္တုပစ္စည်း၊ ကျောက်မျက်ရတနာအမျိုးမျိုး၊ ပုလဲနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းအမျိုးမျိုးတို့ကို စူးစမ်းရှာဖွေခြင်း၊ တူးဖော် ထုတ်လုပ်ခြင်း၊ သန့်စင်ကျိုချက်ခြင်းနှင့် ရောင်းချခြင်းအထိ တိုးချဲ့လုပ်ဆောင် လျက်ရှိပါတယ်။

## စက်မှုဇုန် ၁၈ ခု

စက်မှုလက်မှုကဏ္ဍတွင် စက်ရုံအလုပ်ရုံသစ်များ တည်ဆောက်ခြင်း၊လက်ရှိစက်ရုံများတိုးချဲ့ မွမ်းမံခြင်း၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်များတည်ထောင်ခြင်း၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံများကို စုစုစည်းစည်းဖြင့်အားပေးပျိုးထောင်နိုင်ရန် နိုင်ငံတော်က စက်မှုဇုန်၁၈ခုကို ထူထောင်ပေးနိုင်ခြင်းဖြင့် တိုးချဲ့နိုင်ခဲ့ပါတယ်။

စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ရေနံ၊ သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းသစ်များနှင့် စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံ၊ မက်သနော စက်ရုံများကို တည်ဆောက်နိုင်ခဲ့ပါတယ်။ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေခြင်းတို့ကိုလည်း တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အကောင်အထည်ဖော်ရန် ရေအားလျှပ်စစ်အလတ်စား၊ အသေးစားစက်ရုံများ၊ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ယခုအခါစွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများပင် တည်ထောင်ပြီးဖြစ်ပါတယ်။

## တိုးချဲ့ဖောက်လုပ်

ပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းအနေဖြင့် အဝေးပြေးကားလမ်းမကြီးများနှင့် ခုံးကျော်တံတားများ၊ မြစ်ကူးချောင်းကူးတံတားများ တိုးချဲ့ဖောက်လုပ်ခြင်းကို




**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ILO - မြန်မာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)

အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ရထားလမ်းအသစ်များနှင့် တံတားအသစ်များဖောက်လုပ်ခြင်းနှင့် စက်ခေါင်းနှင့် တွဲများတည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းများကို တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။ ရေကြောင်းပို့ဆောင်ရေးအနေဖြင့် မြစ်များအတွင်း ရေယာဉ်သွားလာရေး လွယ်ကူစေရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအပြင် ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ ရေယာဉ်ဟောင်းများပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများလည်း လုပ်ဆောင်လျက်ရှိပါတယ်။

ခေတ်မီကုန်တင်ကုန်ချဆိပ်ကမ်းများ၊ အထွေထွေကုန်စည်တံတားများ၊ ကုန်လှောင်ရုံကြီးများ၊ သင်္ဘောကျင်းတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။ လေကြောင်းပို့ဆောင်ရေး၌ လေဆိပ်တည်ဆောက်ရေးစီမံကိန်းများတွင် လေယာဉ်ကွင်းအသစ်တည်ဆောက်မှုများအပြင် တိုးချဲ့လုပ်ငန်းများလည်း ပါရှိပါတယ်။

ကုန်သွယ်ရေးကဏ္ဍတွင် ပြည်တွင်း၊ပြည်ပနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ မြို့များ၊ ကုန်တိုက်ကြီးများ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ဆိပ်ကမ်းများ ချဲ့ထွင်လာခြင်းကို တွေ့မြင်ရမည်ဖြစ်ပါတယ်။

## ဖွံ့ဖြိုးတိုးတက်ပြောင်းလဲ

ကျေးလက်နှင့် မြို့ပြကဏ္ဍတွင် လူမှုရေးအခြေခံအဆောက်အအုံများဖြစ်သော အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၊ ဆေးရုံဆေးပေးခန်းများ စသည်တို့မှာ ထူးခြားစွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရပါတယ်။ ထို့ပြင် မြို့သစ်များတည်ထောင်ခြင်း၊ မြို့ပြဧရိယာတိုးချဲ့ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်ခဲ့သဖြင့် မြို့ပြအင်္ဂါရပ်အမျိုးမျိုး ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာပါတယ်။

အထက်တင်ပြပါအတိုင်း နိုင်ငံတော်၏ကဏ္ဍအသီးသီးတွင် ဘက်စုံတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သာယာသောရာသီဥတု၊ လှပသောရှုမျှော်ခင်း၊ ရိုးသား၍ ဧည့်ဝတ်ကျေပွန်သောမြန်မာလူမျိုးတို့နှင့်ပေါင်းစပ်ထားသော အဖိုးတန်သဘာဝရင်းမြစ်များကြွယ်ဝရာ ဒေသတစ်ခုဖြစ်သည့်အပြင် လုံခြုံစိတ်ချ အေးချမ်းတည်ငြိမ်မှုကိုအကြောင်းပြု၍ ပြည်ပနိုင်ငံအသီးသီးမှ ခရီးသွား ဧည့်သည်များလည်း မပြတ်ဝင်ရောက်လျက် ရှိပါတယ်။

အထက်ပါတိုးတက်မှုအခြေအနေများကို ကိန်းဂဏန်းများဖြင့် ကြည့်ပါက စိုက်ပျိုးရေးကဏ္ဍတွင် ယနေ့ဆိုလျှင် ဆည်တမံ၁၉၀အသစ်တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်း၂၉၈ ခုအကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်ဆည်ပေါင်း၉၉၉ခုကိုလည်း ဖြည့်စွက်တည်ဆောက်ပေးခဲ့ပါတယ်။ မြေအောက်ရေလှိုင်တွင်းများနှင့် အငယ်စားချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းမကျန် ကွက်ပြည့်ဆောင်ရွက်ထားပြီလို့ ဆိုနိုင်ပါတယ်။

## တိုးတက်ပြောင်းလဲလာ

ဒါကြောင့် ၁၉၈၈ခုနှစ်နှင့်နှိုင်းယှဉ်လျှင် အသားတင်စိုက်ပျိုးမြေဧက ၁၉ သန်း ကိုးသိန်းမှ ၂၉သန်း သုံးသိန်းအထိ တိုးတက်လာခဲ့သလို တစ်နှစ်ကာလမှာ စိုက်ပျိုးနိုင်မှုဟာလည်း ဧက ၂၃ သန်း ရှစ်သိန်းမှ ၄၆ သန်း ကိုးသိန်းသို့ပြောင်းလဲလာခဲ့ပါတယ်။ အဲဒီထဲမှာ မိုးစပါးစိုက်ဧကဟာ ဧက ၁၁ သန်းမှ ၁၆သန်း ရှစ်သိန်းအထိ ရှိလာပြီဖြစ်ပါတယ်။ ယခင်နွေစပါးမစိုက်နိုင်ခဲ့ပေမယ့် စိုက်ပျိုးရေရရှိရေးစီမံကိန်းများကြောင့် နွေစပါး သုံးသန်း လေးသိန်းနှင့် အခြားသီးထပ်သီးနှံများလည်း စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်တယ်။ ခြုံကြည့်လိုက်ရင် သီးနှံစိုက်စွမ်းအား ၁၅၇ရာခိုင်နှုန်းတိုးတက်လာတဲ့အတွက် လယ်ယာကဏ္ဍမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာခဲ့ပါတယ်။

အလားတူပင် ပဲမျိုးစုံစိုက်ဧကသုံးဆ၊ ဆီထွက်သီးနှံစိုက်ဧက သုံးဆ၊ စားဖိုဆောင်သီးနှံစိုက်ဧကလေးဆအထိ တိုးတက်စိုက်ပျိုးလာခဲ့ပါတယ်။ ၎င်းအပြင် စက်မှုလက်မှုကဏ္ဍ ကုန်ထုတ်လုပ်မှုအပိုင်းတွင် စက်မှုဇုန်၁၈ဇုန် တည်ထောင်နိုင်ခဲ့ပြီး စက်ရုံအလုပ်ရုံ ၆၆၁၀ အပါအဝင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၄၂၀၀၀ ကျော်ရှိလာသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များစွာတိုးတက်လာခဲ့ပါတယ်။

ထို့အပြင် **မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် မြို့ပြကဏ္ဍများတွင်လည်း ၁၉၈၈ခုနှစ်နှင့်နှိုင်းယှဉ်လျှင် အဆပေါင်းများစွာတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမှုနှင့်အတူ လူသားအရင်းအမြစ်၏ နည်းပညာကျွမ်းကျင်မှုနဲ့ စွမ်းဆောင်ရည်အဆင့်အတန်းလည်း မြင့်မားလာပါတယ်။**

## ပြည်ပအလုပ်အကိုင်

၂၀၀၅–၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အလုပ်လုပ်နိုင်သော လူဦးရေကိုကြည့်လျှင် ၃၄ ဒသမ ၇ သန်းကျော်ရှိပါတယ်။ ၎င်းထဲတွင် လယ်ယာအလုပ်သမား ၂၂ ဒသမ ၃ သန်းကျော်၊ စက်မှုအလုပ်သမား ၄ ဒသမ ၈ သန်းကျော်၊ ဝန်ဆောင်မှုအလုပ်သမား ၇ ဒသမ ၅ သန်းကျော်ရှိကြောင်း တွေ့ရပါတယ်။ ဤကိန်းဂဏန်းများအရ ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပြည်တွင်းအလုပ်အကိုင်အနေဖြင့် လယ်ယာကဏ္ဍတွင် အလုပ်သမားနှစ်ဆကျော်၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲကျော်၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ဆနီးပါး တိုးတက်ခဲ့ပြီး စုစုပေါင်းအနေဖြင့် ၁၉၈၈–၈၉ ထက် နှစ်ဆကျော်တိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရရှိလာသည်ကို တွေ့ရှိရမည်ဖြစ်ပါတယ်။ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီ ၇၀ ကို အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ဆက်သွယ်ကာ ယခုအချိန်အထိ အလုပ်အကိုင်ပေါင်း ၂၈၆၈၉ အထိ ရှာဖွေပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုင်းနိုင်ငံတွင် တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေသူများကိုလည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းများကိုလည်း ၆–၁၁–၂၀၀၆ ရက်နေ့က စတင်ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီအရှိန်အဟုန် ရလာတော့မည်ဖြစ်ပါတယ်။ ထို့အပြင်နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ချက်အရ ထိုင်းနိုင်ငံသို့ အလုပ်သမားအသစ်များကို နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန်အကျသက်သာစွာ သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း မကြာမီစတင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါကြောင့် ယခုအခါ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများမှာလည်း များစွာ ပွင့်လန်းလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**မြန်မာနိုင်ငံမှာ ယခုလို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆပွားတိုးတက်လာတာဟာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှုဖြင့် ပိတ်ဆို့မှုများကြားမှ ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်၍ စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်ခဲ့ခြင်း၏ ရလဒ်အဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။**

ဒုတိယပိုင်းအနေဖြင့် ဆက်လက်ပြောကြားလိုတာကတော့ ILO – မြန်မာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများဖြစ်ပါတယ်။

## လက်ခံကျင့်သုံး

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပြီး ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှာ ကုလသမဂ္ဂအဖွဲ့ကြီးထဲကို ဝင်ရောက်ခဲ့ပါတယ်။ အဲဒီနှစ် မေလ ၁၈ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကြီး(ILO)ကို ဝင်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ILO က ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေအနက် လက်ရှိအခြေအနေမှာ ပြဋ္ဌာန်းချက်ပေါင်း ၁၉ ခုကို လက်ခံကျင့်သုံးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ ILO ကို ဝင်ရောက်ပြီးတဲ့နောက်ပိုင်းမှာ ILO Constitution အရ နှစ်စဉ်အစီရင်ခံစာတွေကို အချိန်မှန်မှန်ပေးပို့ခဲ့ပါတယ်။ Committee of Expert က မေးမြန်းသမျှ Comments များကိုလည်း ဖြေကြားခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက လက်ခံကျင့်သုံးခြင်း မပြုရသေးတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ပတ်သက်လို့လည်း နှစ်စဉ်အစီရင်ခံစာတွေပေးပို့ခဲ့ပါတယ်။ ILO ညီလာခံတွေကိုလည်း ကိုယ်စားလှယ်တွေစေလွှတ်ပြီး နှစ်စဉ်တက်ရောက်ခဲ့ပါတယ်။ ILO အဖွဲ့က အဓိကအားဖြင့် Employment Creation, Employment Training, Working Condition and Environment, Industrial relation နှင့် Social Security စသောဧရိယာတွေမှာ Technical Aids, Technical Assistant, Technical Experts စတဲ့အကူအညီတွေကို ယခင်ကပေးခဲ့တာ ရှိပါတယ်။

## လေးစားလိုက်နာ

မြန်မာနိုင်ငံဟာ ILO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပဋိညာဉ်စာချုပ်ပါ အပိုဒ်၂(၇)တွင် အတိအလင်းဆိုထားတာက ကုလသမဂ္ဂအဖွဲ့ဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းစီရင်ပိုင်ခွင့် အာဏာအတွင်း၌သာ သက်ရောက်သော ကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ဖို့ အခွင့်အာဏာမရှိဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ ILO နဲ့ကုလသမဂ္ဂကြားမှာ ရယူထားတဲ့ Agreement ထဲက Article 1 အရ ILO ကို ကုလသမဂ္ဂရဲ့ အထူး Agency တစ်ခုအဖြစ် အသိအမှတ်ပြုထားပါတယ်။ ဒါ့ကြောင့် ILO အနေနဲ့ ကုလသမဂ္ဂနဲ့ရော ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီနဲ့ပါ အပြန်အလှန်ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက်နေတဲ့အထူး Agency တစ်ခုဖြစ်တဲ့အားလျော်စွာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို လေးစားလိုက်နာရန် တာဝန်ရှိတယ်လို့ ပြောကြားလိုပါတယ်။ ***စာမျက်နှာ ၇ ကော်လံ ၁***

# တပ်မတော်အစိုးရလက်ထက်မှာ Conventionကို လိုက်နာစောင့်ထိန်းမှု အဆင့်အတန်းအမြင့်မားဆုံးဖြစ်

စာမျက်နှာ ၆ မှ

အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်(၂၉)ကို ILOက ၁၉၃၀ပြည့်နှစ်မှာ စတင်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံက အဲဒီပြဋ္ဌာန်းချက်ကို ၁၉၅၅ခုနှစ် မတ်လမှာ လက်ခံကျင့်သုံးခဲ့ပါတယ်။ ဒါပေမယ့် အဓမ္မစေခိုင်းခြင်းမသက်ရောက်တဲ့ အလုပ်အမျိုးအစားတွေကိုလည်း ပြဋ္ဌာန်းချက်(၂၉)၊ Article(2), Para(2)မှာ အတိအလင်းဆိုထားပါတယ်။ ဒီအချက်တွေကို ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အမိန့်အမှတ် (၁/၉၉)နဲ့ (၁/၉၉)ကို ဖြည့်စွက်တဲ့အမိန့်တွေထဲမှာ ဖော်ပြပြီး အများပြည်သူသိရှိအောင် ဆောင်ရွက်ထားခဲ့ပါတယ်။

## ပြည်သူ့အင်အား

၁၉၅၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ နှစ်ပေါင်း၃၅နှစ်အတွင်း ပြည်တွင်းသောင်းကျန်းသူများကို ရှင်းလင်းစဉ်က တပ်မတော်က ပြည်သူ့အင်အားရယူသုံးစွဲခဲ့ခြင်းအချို့ရှိခဲ့ပါတယ်။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်းမှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့အတွက် ယခုအချိန်မှာတော့ စစ်ဆင်ရေးကြီးတွေ မရှိတော့သည့်အပြင် ပြည်သူ့အင်အားရယူသုံးစွဲသည့်ကိစ္စများ မရှိတော့ပါဘူး။

ဒီနေရာမှာ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ၁၉၉၀ပြည့်နှစ်မတိုင်ခင် အချိန်မှာ ILOက တစ်စုံတစ်ရာကန့်ကွက်ခြင်း၊ ပြောဆိုခြင်းမရှိခဲ့ဘဲ ခုအချိန်ကျမှ စွပ်စွဲနေတာတွေ့ရပါတယ်။ ဘာကြောင့်လဲလို့ အရင်းအမြစ်ကို ရှာလိုက်တော့ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းဌာနမှာ တာဝန်ထမ်းဆောင်စဉ် အလွဲသုံးစားပြုမှုများအတွက် ဥပဒေအရ အရေးယူခံရမည်ကို ရှောင်ရှားဖို့ ၁၉၈၈ခုနှစ်က ပြည်ပကို ထွက်ပြေးသွားခဲ့တဲ့ မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေက အစပြုလာတယ်ဆိုတာကိုတွေ့ရပါတယ်။ မောင်မောင်ဟာ တရားခံပြေးတစ်ဦးဖြစ်တဲ့အပြင် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို ပြည်တွင်းသို့ဝင်ရောက်ပြီး အဖျက်လုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင် အားပေးခဲ့သူဖြစ်တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၂–၄–၂၀၀၆ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၀၆)နဲ့ မောင်မောင်(ခေါ်)ပြည်သစ်ညွှန့်ဝေပါဝင်တဲ့ FTUBကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

## ပြည်တွင်းရေးစွက်ဖက်

မောင်မောင်(ခေါ်)ပြည်သစ်ညွှန့်ဝေဟာ FTUBကိုခြေကုပ်ယူပြီး ILOမှာသြဇာကြီးမားတဲ့ အလုပ်သမားအဖွဲ့အစည်းဖြစ်တဲ့ ICFTU မှတစ်ဆင့် ILOကိုသတင်းမှားများ ပေးပို့ခဲ့ပါတယ်။ ILOကလည်းဒါကို အသိအမှတ်ပြုပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းစစ်ဆေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ယင်းကော်မရှင်က မြန်မာနိုင်ငံအတွင်း လာရောက်စစ်ဆေးလိုကြောင်း တင်ပြလာတဲ့အခါ မြန်မာနိုင်ငံက အဲဒီကော်မရှင်ကို အသိအမှတ်မပြုခဲ့သလို နိုင်ငံတွင်းသို့ လာရောက်ခွင့်မပြုခဲ့ပါဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့ရဲ့စွပ်စွဲချက်တွေဟာ မမှန်ကန်တဲ့အပြင် မိမိနိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်နေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကော်မရှင်ဟာ နယ်စပ်တစ်လျှောက်မှာ သတင်းမှားတွေ၊ မတရားစွပ်စွဲချက်တွေကို ရယူပြီး ILOကို အစီရင်ခံစာတင်ပြခဲ့ပါတယ်။ ဒီအစီရင်ခံစာမှာပါတဲ့ Recommendations (၃)ရပ်ကို ILOက မြန်မာနိုင်ငံအား လိုက်နာဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဲဒီကော်မရှင်ကို လက်မခံ၊ အသိအမှတ်မပြုခဲ့ပေမယ့် ILOကိုလေးစားသောအားဖြင့် Recommendations(၃)ရပ်ကို အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပထမအချက်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အဓမ္မလုပ်အားပေးခိုင်းစေခြင်း မပြုစေဖို့အတွက် အမိန့်အမှတ် (၁/၉၉)နဲ့ (၁/၉၉)ကို ဖြည့်စွက်တဲ့ အမိန့်တွေ ထုတ်ပြန်ပေးခဲ့ပါတယ်။

ဒုတိယအချက်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ အဲဒီအမိန့် နှစ်ရပ်ကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့်လည်းကောင်း၊ တိုင်းရင်းသားဘာသာစကားများသို့ ပြန်ဆို၍လည်းကောင်း ပြည်နယ်၊ တိုင်း ၁၄ခုမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ ဖြန့်ဝေအသိပေးခဲ့ပါတယ်။

နောက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တွေပါဝင်တဲ့ ပြဋ္ဌာန်းချက်(၂၉) အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းပြီး အဓမ္မခိုင်းစေမှု ပပျောက်အောင် နည်းလမ်းတကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

## ကွင်းဆင်းစစ်ဆေး

ဒါ့အပြင် အလုပ်သမားဝန်ကြီးဌာနမှအရာရှိကြီးတွေဦးဆောင်တဲ့ ကွင်းဆင်းလေ့လာရေးအဖွဲ့(Field Observation Team-FOT)တွေဖွဲ့ပြီး ပြည်နယ်/တိုင်း အသီးသီးသို့ ကွင်းဆင်းစစ်ဆေးစေခဲ့ပါတယ်။

အဲဒီ FOTအဖွဲ့တွေဟာ အဓမ္မလုပ်အားပေးခိုင်းစေတယ်လို့ မကြာခဏ စွပ်စွဲခံရတဲ့ဒေသအသီးသီးကိုလှည့်လည်ကာ အဓမ္မလုပ်အားပေးခြင်းနဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ယင်း FOT အဖွဲ့ရဲ့ အသိပညာပေးဟောပြောပွဲအချို့ကို ILO ဆက်သွယ်ရေးအရာရှိကိုယ်တိုင် တက်ရောက်နားထောင် လေ့လာခဲ့ပါတယ်။

တတိယအချက်ကိုအကောင်အထည်ဖော်တဲ့အနေနဲ့ ILOဆက်သွယ်ရေးအရာရှိထံမှပေးပို့ခဲ့တဲ့ အရပ်ဘက်နှင့်တပ်ဘက်ဆိုင်ရာအဓမ္မလုပ်အားပေး စွပ်စွဲတိုင်ကြားချက်အမှု၅၀ကိုစုံစမ်းစစ်ဆေးပြီး စွပ်စွဲချက်မှန်ကန်ရင် တာဝန်ရှိသူတွေကို Convention 29ရဲ့အပိုဒ်၂၅နဲ့အညီ Penal Codeပုဒ်မ–၃၇၄အရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း၊ တပ်ဘက်၊ အရပ်ဘက် မခွဲခြားဘဲ အရေးယူအပြစ်ပေးခဲ့တဲ့သာဓကတွေ ရှိခဲ့ပါတယ်။

ဒါ့အပြင် ILOနဲ့ပူးပေါင်းဆောင်ရွက်မှုတွေအဖြစ် ၂၀၀၀ပြည့်နှစ်ကနေ ဒီကနေ့အထိ ILOကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(TCM)လေးကြိမ်၊ အဆင့်မြင့်အဖွဲ့(HLT)တစ်ကြိမ်၊ အထူးအဆင့်မြင့်အဖွဲ့(vHLT)တစ်ကြိမ်၊ ILO Mission လေးကြိမ် လာရောက်ခြင်းများကို လက်ခံတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၀ပြည့်နှစ်က ILOရဲ့မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နဲ့ HLTကတိုက်တွန်းခဲ့တဲ့အတိုင်း ILOဆက်သွယ်ရေးအရာရှိကိုလက်ခံခဲ့ပြီး ယနေ့ထက်တိုင် အဓမ္မခိုင်းစေမှုပပျောက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

## ကူညီပံ့ပိုးလုပ်ဆောင်

သို့ရာတွင် ILOဘက်မှ HLTရဲ့တိုက်တွန်းချက်တစ်ရပ်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ အဓမ္မအလုပ်ခိုင်းစေမှုတွေပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲ့စီးပွားရေးအဆင့်အတန်းမြင့်မားလာစေမယ့် အစီအမံတွေကိုလည်း တစ်ဖက်က ကူညီပံ့ပိုးလုပ်ဆောင်ပေးရန်လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံနဲ့အပြုသဘောဆက်ဆံဆောင်ရွက်မှုလိုအပ်ကြောင်းဆိုတဲ့အချက်တွေကိုတော့ ILOဘက်က ယနေ့ထက်တိုင်ဖြည့်ဆည်းပေးခြင်းမရှိသေးကြောင်း တွေ့ရပါတယ်။

## အပြစ်ပေးအရေးယူ

အဓမ္မခိုင်းစေမှုစွပ်စွဲချက်တွေကို စစ်ဆေးချက်အရ တိုင်ကြားချက်တွေ မှန်ကန်လို့ရှိရင် တည်ဆဲဥပဒေနဲ့အညီ တာဝန်ရှိသူတွေကို အပြစ်ပေးအရေးယူခဲ့တဲ့ သာဓကတွေကိုကြည့်ရင် မြန်မာနိုင်ငံဟာ Convention 29 ကို လေးစားလိုက်နာပြီး အဓမ္မအလုပ်ခိုင်းစေခြင်းကို အားမပေးဘူးဆိုတာ ထင်ရှားပါတယ်။

သို့ဖြစ်၍ တိုင်ကြားချက်မှန်ကန်ရင် တာဝန်ရှိသူကို အရေးယူသကဲ့သို့ အခြားတစ်ဖက်ကလည်း လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို သိက္ခာကျစေလိုတဲ့၊ နစ်နာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ မမှန်မကန်လိမ်လည် တိုင်ကြားရင် အဲဒီလူကို အရေးယူသင့်/မယူသင့်ကို တရားဥပဒေရှုထောင့်ကနေ စဉ်းစားကြည့်နိုင်ပါတယ်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်တဲ့ ၁၈၆၀ပြည့်နှစ် Penal Codeရဲ့ပုဒ်မ ၁၈၂(ခ)၊ ပုဒ်မ–၄၂၀၊ ပုဒ်မ–၄၆၈၊ ပုဒ်မ– ၄၉၉ နှင့်ပုဒ်မ–၅၀၀ တို့အရ လိမ်လည်လှည့်ဖြားမှု၊ သူတစ်ဦးတစ်ယောက် နစ်နာစေမှုတို့ကို ကျူးလွန်သူပုဂ္ဂိုလ်များကို အရေးယူရန်လို့ပါရှိပါတယ်။ နိုင်ငံတကာမှာလဲ အလားတူ အသရေဖျက်စေမှု၊ သိက္ခာကျစေမှုအတွက် ပြန်လည်တရားစွဲပိုင်ခွင့်၊ အရေးယူပိုင်ခွင့်တွေ ရှိကြပါတယ်။

## မမှန်မကန်တိုင်ကြား

ဒါ့အပြင် ILO Convention 29 မှာ အဓမ္မခိုင်းစေမှုကျူးလွန်ရင် Article 25အရ အပြစ်ပေးအရေးယူရန်လို့ ဖော်ပြထားတဲ့အတွက် တိုင်ကြားတဲ့အတိုင်း မှန်ကန်ရင် တာဝန်ရှိသူတွေကို အရေးယူခဲ့တဲ့သာဓကတွေ တင်ပြခဲ့ပြီးပါပြီ။ မမှန်မကန်တိုင်ကြားသူကို အရေးမယူရဘူးဆိုတာကိုတော့ Convention 29 ရဲ့ ဘယ် Provisionsမှာမှ မပါဝင်ပါ။ သို့ပေမယ့် လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရဲ့ ပြည်တွင်းဥပဒေကို ကျော်လွန်ပြီး ILOက မြန်မာနိုင်ငံမှာ မမှန်မကန်တိုင်ကြားသူတွေကို အရေးမယူဖို့ တောင်းဆိုနေတာတွေ့ရပါတယ်။

သို့ပေမယ့် ILOရဲ့ တောင်းဆိုချက်ကို မြန်မာနိုင်ငံအနေနဲ့ အပြည်ပြည်ဆိုင်ရာ မျက်နှာစာမှာ ILO နဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိဘူးဆိုတဲ့အမြင်မျိုး မဖြစ်စေလိုတာကြောင့် ပြည်တွင်းတည်ဆဲဥပဒေက သတ်မှတ်ထားချက်တွေကို လျှော့ပေါ့ပြီး ပထမအကြိမ် မမှန်မကန်တိုင်ရင် တိုင်ကြားသူကို အသိပေးခြင်း၊ ဒုတိယအကြိမ် ထိုသူက မမှန်မကန်တိုင်လာရင် သတိပေးခြင်း၊ တတိယအကြိမ် ထိုသူကပင် မမှန်မကန်တိုင်လာပါက တည်ဆဲဥပဒေအရ အရေးယူခြင်းစသည်ဖြင့် အဆင့်ဆင့်လုပ်မယ်လို့ ညှိနှိုင်းမှုပြုခဲ့ပါတယ်။ ဒါကို ILOဘက်က လက်မခံခဲ့ပါဘူး။

ဒါ့အပြင် အဓမ္မခိုင်းစေကြောင်း တိုင်ကြားမှုတွေကို လက်ခံမည့် Mechanismတစ်ရပ် ထူထောင်ရေးကို ၂၀၀၆ ခုနှစ် အောက်တိုဘာလမကုန်မီ ဆွေးနွေးပြီး သဘောတူညီချက်ကို နှစ်ဖက်အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုပေးဖို့၊ အေးမြင့်ကိုလွှတ်ပေးဖို့နဲ့ အောင်လံမြို့နယ် ငါ့ပြင်းကျေးရွာက မမှန်မကန်တိုင်ကြားတဲ့အမှုကို ပြီးပြတ်အောင်ဆောင်ရွက်ပေးဖို့တွေ တောင်းဆိုခဲ့ပါတယ်။

## လိမ်လည်လှည့်ဖြား

တိုင်ကြားချက်ဖြစ်စဉ်တွေကို လေ့လာသုံးသပ်တဲ့အခါ တိုင်ကြားချက်အများစုဟာ တောင်ကုတ်ဧရိယာ၊ အောင်လံဧရိယာနှင့် ပဲခူးဧရိယာတွေက ဖြစ်ကြောင်းတွေ့ရှိရပြီး တိုင်ကြားသူတွေကို ပြန်လည်ဆန်းစစ်တဲ့အခါမှာ အောင်သန်းထွန်းလို ပုဂ္ဂိုလ်တွေကပဲ ပွဲစားလုပ်ပြီး တိုင်ကြားနေတဲ့ပုံစံ တွေ့ရပါတယ်။ ဥပမာအားဖြင့် အောင်လံမြို့နယ် ငါ့ပြင်းကျေးရွာက ကိုဝင်းလွင်သေဆုံးတဲ့ကိစ္စမှာ အောင်သန်းထွန်း၊ အောင်လံမြို့က ရှေ့နေဟောင်း သိန်းဇံနဲ့ ဇော်ဌေးတို့က လိမ်လည်လှည့်ဖြားတိုင်ကြားခဲ့ကြတယ်ဆိုတဲ့ စာရွက်စာတမ်းအထောက်အထားတွေကို ကြော်ငြာသင်ပုန်းမှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

ILO က တောင်းဆိုတဲ့ Mechanism ထူထောင်ရေးနဲ့ပတ်သက်လို့ ရန်ကုန်မြို့မှာ လေးကြိမ်၊ ဂျီနီဗာမှာ ငါးကြိမ်ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် အောက်တိုဘာလ အတွင်းက ILO မှ Mission အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံကို လာရောက်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ သို့ပေမယ့် ကွာဟချက်သုံးချက်ကို ညှိနှိုင်းမရရှိသေးတဲ့အတွက် Mechanism ဖြစ်မြောက်ရေးကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

## ကွာဟချက်သုံးခု

ဒီတော့ Mechanism ဖြစ်မြောက်ရေးအတွက် ကွာဟချက်သုံးခုကို ကျွန်တော်တင်ပြလိုပါတယ်–

**ပထမကွာဟချက်။** အဓမ္မခိုင်းစေကြောင်း တိုင်ကြားလာရင် တိုင်ကြားသူများရဲ့ ၎င်းတို့ရဲ့ကိုယ်စားလှယ်တွေ၊ အသိသက်သေတွေကို ILO ဆက်သွယ်ရေးအရာရှိတစ်ဦးတည်း လျှို့ဝှက်စွာတွေ့ဆုံပြီး စုံစမ်းမှုပြုလိုကြောင်း တောင်းဆိုတာဖြစ်ပါတယ်။ ဒီတောင်းဆိုချက်ဟာ Semi-investigationပုံစံမျိုးဖြစ်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ တည်ဆဲဥပဒေကို ကျော်လွန်နေသကဲ့သို့ ဖြစ်နေပါတယ်။ ၁၈၉၈ခုနှစ် Code of Criminal Procedure ပုဒ်မ–၂၀၂(၁)အရ တရားသူကြီး သို့မဟုတ် ၎င်း၏တာဝန်ပေးအပ်သော အမှုလိုက်အရာရှိကသာ ဆောင်ရွက်နိုင်တဲ့ လုပ်ပိုင်ခွင့်ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဘက်က Working Committeeမှ တာဝန်ပေးအပ်သူတစ်ဦးနှင့်အတူ သွားရောက်ရန် ပြန်လည်ညှိနှိုင်းခဲ့ပေမယ့် ILO ဆက်သွယ်ရေးအရာရှိ အနေနဲ့ မြန်မာနိုင်ငံရဲ့ ဥပဒေဘောင်ကိုကျော်ပြီး Working Committee မှတာဝန်ပေးအပ်သူဟာ လုံခြုံရေးလိုအပ်ချက်အရသာ လိုက်ပါပြီး ၎င်းတစ်ဦးတည်း စစ်မေးခွင့်ကိုပဲ တောင်းဆိုနေတဲ့အတွက် ကွာဟနေခြင်းဖြစ်ပါတယ်။

**ဒုတိယကွာဟချက်။** ILO ဆက်သွယ်ရေးအရာရှိရုံးကို တိုးချဲ့ပြီးနောက်ထပ် အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းတစ်ဦး တိုးချဲ့ခန့်ထားရေးကို တောင်းဆိုနေတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အဓမ္မခိုင်းစေမှု စွပ်စွဲချက်တွေကို ဆက်သွယ်ရေးအရာရှိတစ်ဦးတည်းနဲ့ ဖြေရှင်းပေးနိုင်ခဲ့တဲ့သာဓက ရှိပြီးဖြစ်တဲ့အတွက် နောင်လုပ်ငန်းပမာဏများပြားလာမှသာ ယင်းကိစ္စကို ဆွေးနွေးညှိနှိုင်းကြဖို့ မြန်မာဘက်က ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က ခါးခါးသီးသီး ငြင်းဆိုခြင်းမဟုတ်ပါဘူး။ လတ်တလောအခြေအနေမှာ မလိုအပ်သေးလို့ နောင်လိုအပ်မှသာ စဉ်းစားမယ်လို့ပြောခဲ့တာဖြစ်ပါတယ်။ ဒါကို ILO ဘက်က ဝန်ထမ်းတစ်ဦး တိုးချဲ့ခန့်ထားဖို့ကို ကြိုတင်အသိအမှတ်ပြုထားရန် တောင်းဆိုနေတဲ့အတွက် ကွာဟနေခြင်းပဲဖြစ်ပါတယ်။

**တတိယကွာဟချက်။** စမ်းသပ်ကာလကို မြန်မာနိုင်ငံအနေနဲ့ မူလက ခြောက်လအဆိုပြုခဲ့ရာမှ ၁၂လအထိ တိုးမြှင့်သတ်မှတ်ဖို့ လိုက်လျောသဘောတူခဲ့ပြီးဖြစ်ပါတယ်။ ဒါကို ILOဘက်က ၁၈လသတ်မှတ်ဖို့ တောင်းဆိုတဲ့ကိစ္စဖြစ်ပါတယ်။

## ထည့်သွင်းစဉ်းစား

ILO အနေနဲ့ အဲဒီတောင်းဆိုချက်တွေကို သူတို့ရဲ့ minimum positionအဖြစ် ရပ်တည် ပြောကြားလျက်ရှိပါတယ်။ ၂၀၀၆ခုနှစ် နိုဝင်ဘာလထဲမှာ ကျင်းပခဲ့တဲ့(၂၉၇)ကြိမ်မြောက် ILOအုပ်ချုပ်မှုအဖွဲ့အစည်းအဝေးရဲ့ နိဂုံးချုပ်မှတ်ချက်မှာ မြန်မာနိုင်ငံက ပြဋ္ဌာန်းချက်အမှတ် (၂၉)လိုက်နာမှု အခြေအနေနဲ့ပတ်သက်လို့ နှစ်ဖက်ဆက်လက်ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ဖို့နဲ့ အဲဒီလိုပြုလုပ်တဲ့နေရာမှ ILO ရဲ့ Final Compromise Text ကိုအခြေခံထားပြီး ဆွေးနွေးဖို့ပါရှိတယ်။ ၂၀၀၇ခုနှစ် မတ်လမှာ ပြုလုပ်မယ့် ILOအုပ်ချုပ်မှုအဖွဲ့အစည်းအဝေးအထိ Mechanism ထူထောင်နိုင်ခြင်းမရှိသေးဘူးဆိုရင် ICJ အစရှိသော ဥပဒေရေးရာဆောင်ရွက်မှုများ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်နဲ့ မတ်လ GB က ICJ သို့ဥပဒေရေးရာ အကြံဉာဏ်တောင်းခံနိုင်ရေးအတွက် ILO ရုံးက လိုအပ်သောပြင်ဆင်မှု ပြုလုပ်ထားရန် စသည်တို့ဖြစ်ပါတယ်။

အဲဒီအထဲမှာ ICJကိုတင်ပြပြီး advisory opinionတောင်းခံဖို့ရှိတာ တွေ့ရပါတယ်။ အမှန်တကယ်တော့ ILO Constitution Article 37(1)အရ Conventionပါ Provisionsများအပေါ် အဓိပ္ပာယ်ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုရှိခဲ့မှသာလျှင် ICJ ရဲ့ decisionကိုရည်ညွှန်းရမယ်လို့ ဖော်ပြထားပါတယ်။

## မူရင်းစာသား

မူရင်းစာသားကို တင်ပြရရင် (Any question or disputer relating to the interpretation of this Constitution or of any subsequent Convention concluded by the members in pursuance of the provisions of this Constitution shall be referred for decision to the international Court of justice)ဟူ၍ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Convention No.29ပါ ပြဋ္ဌာန်းချက်များနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ အငြင်းပွားပြောဆိုနေတာ မဟုတ်ပါဘူး။ မမှန်မကန်တိုင်ကြားသူကို နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းဥပဒေဘယ်လိုပဲ သတ်မှတ်သတ်မှတ် အရေးမယူရဘူးဆိုတဲ့ ILO ဘက်က တောင်းဆိုချက်ဟာ Convention No.29 မှာ မပါတဲ့အတွက် ပြဋ္ဌာန်းချက်ပါစာသားကို အဓိပ္ပာယ်ဖော်ပြခြင်း (Interpretation)လုပ်တဲ့နေရာမှာ dispute or questionဖြစ်တဲ့သဘောမဟုတ်ပါကြောင်း အသိပေးလိုပါတယ်။

(၂၉၇)ကြိမ်မြောက် ILOအုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်က မြန်မာနိုင်ငံ၏အရေးကိစ္စကို–

- **ILO ရဲ့မူဘောင်အတွင်းက ပူးပေါင်းဆောင်ရွက်မှုနဲ့ စေ့စပ်ဆွေးနွေးမှုဖြင့်သာ ဖြေရှင်းရန်ဖြစ်ပြီး အခြားမည်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဆက်စပ်ပြောင်းရွှေ့ပြီး တင်ပြဆွေးနွေးရန် မလိုအပ်ဟု ယူဆပါကြောင်း၊**
- **နိုင်ငံတစ်ခုအား ပြစ်ဒဏ်ပေးသည့်အနေဖြင့် မည်သည့်နည်းနှင့်မဆို ပိတ်ဆို့မှု(Sanction)ပြုလုပ်ခြင်းကိုလည်း ဆန့်ကျင်ပါကြောင်း၊**
- **အဓမ္မခိုင်းစေမှုဟူသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်မှုရှိသဖြင့် အဓမ္မခိုင်းစေမှုကို အမှန်တကယ်ပပျောက်စေလိုပါက နိုင်ငံတကာမှ ဤအချက်ကို ထည့်သွင်းစဉ်းစားပြီး အကူအညီပေးရန် စဉ်းစားသင့်ကြောင်း ပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။**

## ထည့်သွင်းစဉ်းစား

အလားတူ မြန်မာနိုင်ငံအပေါ် အမှန်အတိုင်းရှုမြင်ပြီး အပြုသဘောနဲ့ ဝေဖန်အကြံပြုချက်တွေပေးခဲ့တဲ့ နိုင်ငံတွေလည်းရှိကြပါတယ်။ ဒီနိုင်ငံတွေက ကိုယ်စားလှယ်တွေရဲ့ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေကို ILO က ထည့်သွင်းစဉ်းစားဆောင်ရွက်မယ်ဆိုရင် ပိုမိုလက်တွေ့ကျတဲ့ ဖြေရှင်းမှုဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးစ ကာလကတည်းက ILOသို့စောစီးစွာ ဝင်ရောက်ခဲ့သလို အားတက်သရောပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အတိတ်ကလိုပဲ အနာဂတ်မှာလည်း ILO နှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ မြန်မာနိုင်ငံဟာ မိမိနိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစေမည့် ကိစ္စများကို မယိမ်းမယိုင် ဆက်လက်အကောင်အထည် ဖော်သွားမှာလည်း ဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ ILOရဲ့ ပြဋ္ဌာန်းချက်အားလုံးကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးလျက်ရှိပြီး Convention 29နှင့်ပတ်သက်၍ အောက်ခြေ အစိတ်အပိုင်းတချို့မှာ ဖြစ်ပေါ်ခဲ့တဲ့ ဖောက်ဖျက်မှုအချို့ကိုလည်း ထိထိရောက်ရောက်အရေးယူခဲ့ပါတယ်။ ခေတ်အဆက်ဆက်နှင့် နှိုင်းစာလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ Convention 29ကို လိုက်နာစောင့်ထိန်းကျင့်သုံးမှု အဆင့်အတန်းဟာ အမြင့်မားဆုံးဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

18-12 (07) 1 12/18/06, 4:44 AM





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## * ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အကအဖွဲ့များ၊ ဒေသခံပြည်သူများ၊ သစ်တောဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်သီတာဆွေက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ကြေညာသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုရင်ပြင်၌ ကျင်းပသည့် ဥယျာဉ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုသီချင်း သီဆိုဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန မန္တလေးကဇာတ်ဌာနခွဲ ယဉ်ကျေးမှုအဖွဲ့နှင့် ပန်တျာကျောင်းမှကျောင်းသားကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အနုပညာရှင်များ၊ မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်း၊ ဂီတနန္ဒဝန်၊ ကြိုးတပ်တူရိယာအုပ်စုတို့မှ ဂီတပညာရှင်များ ပါဝင်သောအဖွဲ့က အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် ဗိုလ်ကလေးတင့်အောင်ရေးစပ်သော **"မြန်မာ့မြေအလှ သင်္ကေတ"** သီချင်းကို စုပေါင်း သီဆိုဖျော်ဖြေကြပြီး သီချင်းနှင့် အတူ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဂီတလုလင်ဦးကိုကိုရေးစပ်သော **"စိန်ရတုသဘင်အလှဆင်"** သီချင်းဖြင့် ဖျော်ဖြေကြသည်။

### နှုတ်ဆက်အားပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဖျော်ဖြေကြသည့် အနုပညာရှင်များအား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း တည်ဆောက်ထားသည့် ပြည်နယ်၊ တိုင်းများရှိ ထင်ရှားသောအဆောက်အအုံများ၊ သဘာဝနေရာများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။



### ဖဲကြိုးဖြတ် ဖွင့်လှစ်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

### အမျိုးသားအထိမ်းအမှတ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ခုနှစ် ဧပြီလတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိစဉ် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) တစ်ခုကို တည်ဆောက်ရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြေဧက ၅၆ ဒသမ ၆၇ ဧက၌ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို တည်ဆောက်ခဲ့သည်။





**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

### လက်တွေ့တည်ဆောက်

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် National Landmarks များ တည်ဆောက်ရာ၌ မြေပြင်၌အမှန်တည်ရှိမှုအပေါ် အခြေခံ၍ လက်တွေ့တည်ဆောက်သင့်သည့် အချိုးအစားကို တွက်ချက်ရယူတည်ဆောက်ခဲ့သည်။

National Landmarks ၂၀ကို သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီများကတာဝန်ယူတည်ဆောက်ခဲ့ရာ ထူးထရေးဒင်း ကုမ္ပဏီက ရန်ကုန်တိုင်းမှ ရွှေတိဂုံစေတီတော်နှင့် မြို့တော်ခန်းမ၊ ရခိုင်ပြည်နယ်မှ သျှစ်သောင်းပုထိုးတော်တို့ကို တည်ဆောက်ခဲ့သည်။

အေးရှားဂရင်းကုမ္ပဏီက ပဲခူးတိုင်းမှ ကမ္ဘောဇသာဒီနန်းတော်နှင့် မွန်ပြည်နယ်မှ ကျိုက်ထီးရိုးစေတီတို့ကို တည်ဆောက်ခဲ့ပြီး၊ ဒဂုံတင်ဘားကုမ္ပဏီက တနင်္သာရီတိုင်းမှ ဘုရင့်နောင်အရု၊ ဧရာဝတီတိုင်းမှ မော်တင်စွန်းဘုရားနှင့် ချောင်းသာကမ်းခြေတို့ကို တည်ဆောက်ခဲ့သည်။

### ဓနုကပင်တောင်

မိုမင်တန်ကုမ္ပဏီက ကယားပြည်နယ်မှ သီရိမင်္ဂလာတောင်ကွဲစေတီ၊ ရှမ်းပြည်နယ်မှ ဂုတ်ထိပ်တံတား၊ အင်းလေးကန်နှင့် ဖောင်တော်ဦးဘုရားတို့ကို တည်ဆောက်ခဲ့ပြီး၊ ပစိဖိတ်ကုမ္ပဏီက ကချင်ပြည်နယ်မှ ခါကာဘိုရာဇီတောင်၊ ကရင်ပြည်နယ်မှ ဓနုကပင်တောင်တို့ကို တည်ဆောက်ခဲ့သည်။

အေးရှားဝေါလ်ကုမ္ပဏီက မန္တလေးတိုင်းမှ မြနန်းစံကျော်ရွှေနန်းတော်၊ ကျုံးနှင့်မြို့ရိုး၊ ပုပ္ပားတောင်ကလပ်၊ မကွေးတိုင်းမှ ရေနံမြေတို့ကို တည်ဆောက်ခဲ့သည်။

### ရိုဒ်ရေကန်

တင်ဝင်းထွန်းကုမ္ပဏီက စစ်ကိုင်းတိုင်းမှ စစ်ကိုင်းတောင်နှင့် ကောင်းမှုတော်ဘုရား၊ ချင်းပြည်နယ်မှ ရိုဒ်ရေကန်နှင့် နတ်မတောင်တို့ကို တည်ဆောက်ခဲ့သည်။

မြတ်နိုးသူနှင့် နံ့သာဖြူကုမ္ပဏီက မန္တလေးတိုင်းမှ ပိတ်ချင်းမြောင်လိုဏ်ဂူကို တည်ဆောက်ခဲ့ပြီး၊ ထွန်းမြတ်အောင်ကုမ္ပဏီက ရှမ်းပြည်နယ်မှ ပင်းတယရွှေဥမင်လိုဏ်ဂူကို တည်ဆောက်ခဲ့သည်။

### အပန်းဖြေအနားယူ

အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တစ်ဆက်တစ်စပ်တည်း နေရာ၌ ပြည်တွင်း၊ ပြည်ပဧည့်သည်များ အပန်းဖြေအနားယူရန်နှင့် နိုင်ငံတော်အတွင်း ပြည်နယ်၊ တိုင်းများရှိ အထင်ကရသဘာဝနေရာများ၊ အဆောက်အအုံများကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုခြင်းဖြင့် ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်အသွင် တွေ့မြင်ခံစားနိုင်ရန် ရည်ရွယ်၍ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) ကို တည်ဆောက်ထားခြင်းဖြစ်သည်။

### စိန်ရတုအထိမ်းအမှတ်

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲအခမ်းအနားမကျင်းပမီ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲကို နံနက်၁၀နာရီတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### လမ်းညွှန်မှာကြား

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရှင်းလင်းပြောကြားရာ၌ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ဖြစ်ပေါ်လာမှုကို တင်ပြလိုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပြည်သူများ အပန်းဖြေအနားယူရင်း ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သဘာဝအလှအပများခံစားနိုင်ရန် အထိမ်းအမှတ်ပွဲတော် ကျင်းပရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ စိန်ရတုအထိမ်းအမှတ်ပွဲတော် ကျင်းပ

ရန်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲကိုပါ တစ်ပါတည်းထည့်သွင်းကျင်းပရန် စီစဉ်ခဲ့ပါကြောင်း၊ ထို့အပြင် ဆောင်းဟေမန် အလှသဘာဝကို ပန်းပဒေသာပြပွဲ တစ်ခုဖြင့်ပါ တစ်ဆက်တစ်စပ်တည်း ခံစားနိုင်ရန်အတွက် ပန်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲများ၊ ပျော်ပွဲရွှင်ပွဲများပါ ထည့်သွင်းကျင်းပရန် မိမိတို့ ကြိုးစားစီမံခဲ့ပါကြောင်း။

**ရည်ရွယ်တည်ထောင်**

ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ကမ္ဘာပေါ်၌သမိုင်းကြောင်း ရှည်လျားစွာရှိသည့် ရက္ခဗေဒဥယျာဉ်တစ်ခုဖြစ်ပါကြောင်း၊ တောတောင်ရေမြေ သဘာဝ အလှအပများဖြင့် ပြည့်စုံသည့် ပန်းမျိုးစုံ၊ သစ်မျိုးစုံတို့ ပေါက်ရောက်ရာ ဒေသဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ရှုမောသာယာပန်းအလှ တောသဖွယ် အပန်းဖြေခံစားနိုင်ရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

**တွေ့မြင်နိုင်**

တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ယခင်ကနှင့်မတူ တစ်မူထူးခြားပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါကြောင်း၊ ဥယျာဉ်၏ဆွဲဆောင်မှုကြောင့် လာရောက်လည်ပတ်သည့် ဧည့်သည်ဦးရေသည် ယခုအခါ တစ်နှစ်လျှင် ငါးသိန်းကျော် ခြောက်သိန်းခန့်ထိ ရှိလာပြီဖြစ်ကြောင်း။

**ထူးထူးခြားခြား**

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်နှင့်အတူ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပထမအကြိမ်ပန်းပွဲတော်ကြီးကိုလည်း သစ်တောဦးစီးဌာနနှင့် Wood Land Co., Ltd. တို့ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပ ပန်းမျိုးများ၊ သစ်ခွမျိုးများဖြင့် ပန်းအရေအတွက်ပေါင်း သုံးသန်းခန့်သုံး၍ လှပဆန်းကြယ်သော ပြကွက်များပြုလုပ်ကာ စိတ်ဝင်စားဖွယ် ထူးထူးခြားခြား ပြသသွားမှာ ဖြစ်ပါကြောင်း။

**တက်ညီလက်ညီဆောင်ရွက်**

အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သက်တမ်းသည် ယခုအခါ စိန်ရတုခေတ်တိုင် ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ရက္ခဗေဒဥယျာဉ်များနှင့် ရင်ပေါင်တန်းနိုင်အောင် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်လျက် ဆက်စပ်ဌာနများအားလုံး တက်ညီလက်ညီဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ တိုးတက်မှုများ ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း။

အမျိုးသားကန်တော်ကြီးဥယျာဉ်ကို စိန်ရတုမှသည် နောင်နှစ်ရာထောင်ချီသည်အထိ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် အမျိုးသားကန်တော်ကြီး ဥယျာဉ်စိန်ရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း တည်ဆောက်ထားသည့် ပြည်နယ်၊ တိုင်းများရှိ ထင်ရှားသော အဆောက်အအုံများ၊ သဘာဝနေရာများကို တွေ့ရစဉ်။** (သတင်းစဉ်)

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များသည် ပန်းပြပွဲနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြခန်းတို့ကိုလည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် နတ်တော်လကွယ်နေ့ (ဥပုသ်နေ့) ၁၈–၁၂–၂၀၀၆ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၇။ ပန်းလှိုင်တံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Execcises for Correct Pronunciation
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇:၀၀ ၅။ အကပဒေသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၈။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ–သက်တင်)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၃၅)
၁၈:၅၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၂၇)[ဇာတ်သိမ်းပိုင်း]
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၉)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ကြည့်ရှု လေ့လာ

**ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များ ပန်းပြပွဲ၊ သစ်တောရေးရာဝန်ကြီးဌာန ပြခန်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)





**● ကျောဖုံးမှ**

နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံး အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ ဖြစ်ကြသည့် UNDP, UNICEF, FAO, UNODC, WHO, UNFPA, WFP, UNIAP တို့မှ ဌာနေ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ခေတ္တရပ်နားသည်။

**(ဝန်ကြီးဦးစိုးသာ၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ပြန်လည်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က အလုပ်အကိုင်အခွင့်အလမ်းများဖွံ့ဖြိုးတိုးတက်မှုနှင့် ILO-မြန်မာပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

**ရှင်းလင်းဖြေကြား**

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသောပြည်တွင်း၊ ပြည်ပသတင်းစာဆရာများနှင့် စာနယ်ဇင်း ဆိုင်ရာပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဒေါက်တာစန်းဦးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇောတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်း ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၁၂ နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

သတင်းစာရှင်းလင်းပွဲ အပြီးတွင် တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်မှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများဖွံ့ဖြိုးတိုးတက်မှုနှင့် ILO– မြန်မာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် စာရင်းဇယားများ၊ နှိုင်းယှဉ်ချက်များ၊ ဂရပ်ဖ်များ၊ စာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာသည် ၂၀၀၄ခုနှစ် ဇွန်လတွင် ဗုဒ္ဓသာသနာပြည်သူ့လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးဝန်ကြီးနှင့် ကာကွယ်ရေး ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီး ၂၀၀၅ခုနှစ် ဩဂုတ်လမှ စတင်ကာ ၎င်းရာထူးများအပြင် စိုက်ပျိုးရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလမှစတင်၍ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် စီမံကွပ်ကဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဝန်ကြီးချုပ် တာဝန်ဖြင့် ပြည်တွင်း အုပ်ချုပ်ရေးဝန်ကြီးနှင့် ကာကွယ်ရေး ဒုတိယဝန်ကြီးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။ **(သတင်းစဉ်)**

**သတင်းစာရှင်းလင်းပွဲ တက်ရောက်ကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြည်တွင်းမဂ္ဂဇင်း ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ ခင်းကျင်းပြသထားသော စာရင်းဇယားများ၊ မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



## ကျောက်ပန်းတောင်း အထက(၂)အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကျောက်ပန်းတောင်းမြို့ အထက (၂) (ယခင်စံပြကျောင်း) ကျောင်းသူကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ၊ ဆရာ ဆရာမကြီးများအား ရည်စူး၍ လှူဒါန်းခြင်း၊ ၂၀၀၅ခုနှစ်ပညာသင်နှစ်တွင်ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာတစ်ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ထာဝရငွေပဒေသာပင်များစိုက်ထူခြင်း၊ ကျောင်းစာကြည့်တိုက်အတွက်သုတ၊ရသစာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ၂၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက(၂) ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

ထာဝရငွေပဒေသာပင်နှင့် ငွေများ လှူဒါန်းလို သူများသည် ကိုဌေးလွင် ဖုန်း–၀၁–၆၆၀၈၇၀၊ ကိုဆန်းဗိုလ် ဖုန်း–၀၉–၅၁–၃၈၄၂၁၊ဗိုလ်ကြီးသိန်းစိုးဦး(ငြိမ်း) ဖုန်း–၀၉–၅၀–၂၃၁၁၆၊ မသန်းသန်းဝင်း ဖုန်း–၀၁–၂၄၈၀၂၀၊ ကိုဗိုလ်ကျော် ဖုန်း–၀၆၁–၅၀၆၁၁၊ ကိုဝင်းနိုင် ဖုန်း–၀၆၁–၅၀၅၇၁၊ မအေးမြင့်သန်း အထက(၂) ဖုန်း–၀၆၁–၅၀၅၈၆နှင့် ကိုဝင်းမော် ဖုန်း–၀၂–၆၂၃၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

စာမျက်နှာ ၅ မှ

လည်းကောင်း ဆောင်ရွက်နေပါတယ်။ HIV/AIDS တွင်ယေဘုယျအားဖြင့် ဖြစ်ပွားမှုနှုန်းကျဆင်းလာကြောင်း တွေ့ရှိရပါတယ်။ Malaria လည်းဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းကျဆင်းနေသည့်အတွက် Indicator မှာကောင်းမွန်ပါတယ်။ TB ရောဂါတိုက်ဖျက်ရေးလည်း အောင်မြင်မှုရှိနေပါတယ်။

ရည်မှန်းချက်(၄)၊ ရည်မှန်းချက်(၅)နှင့် ရည်မှန်းချက်(၆)တို့ကတော့ ကျန်းမာရေးကဏ္ဍနှင့် အဓိကသက်ဆိုင်နေပါတယ်။ MDG ရည်မှန်းချက်တွေ ပြည့်မီစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတော်၏စီမံကိန်းများအတွင်း ဆောင်ရွက်လျက်ရှိကြောင်းကို နိုဝင်ဘာလ၂၉ရက်နေ့ကပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းပြောကြားပြီးဖြစ်တဲ့အတွက် ဒီမှာထပ်ပြီးရှင်းမပြလိုပါ။

### ထိန်းသိမ်းစောင့်ရှောက်

ရည်မှန်းချက်(၇)ဖြစ်တဲ့ Ensure environmental sustainability နှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပြည်အလယ်ပိုင်းတွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၅ခုနှစ်က စလုပ်ခဲ့ပါတယ်။ နောက်ပိုင်းကိုးခရိုင်မှ ၁၃ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပြည်အလယ်ရိုးမကိုလည်း စိမ်းလန်းစိုပြည်ရန် စီမံကိန်းချမှတ်ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ပတ်ဝန်းကျင် မိုင်၃၀အတွင်း စိမ်းလန်းစိုပြည်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းများဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး၊ ပတ်ဝန်းကျင်လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုမဖြစ်စေရေးစသည်တို့ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားပါတယ်။

မိမိတို့ရဲ့ဆောင်ရွက်ဆဲ ငါးနှစ်စီမံကိန်းမှာလည်း သစ်တောများထူထောင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဦးတည်ချက်ကို ထည့်သွင်းထားပါတယ်။

# ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO၊ NGO၊ IO တို့နှင့် စီမံချက်ပေါင်း ၁၂၀ကျော်ကို ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရည်မှန်းချက်(၈)ဖြစ်သော ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်များနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံရေးကိုအကြောင်းပြပြီး အနောက်အုပ်စုနိုင်ငံများ၊ IMF နှင့် World Bank, ADB တို့မှအကူအညီပေးမှုများ ရပ်ဆိုင်းထားပါတယ်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDPသည်ပင်လျှင် ဖွံ့ဖြိုးဆဲအခြားနိုင်ငံများကို ပေးသည့် အကူအညီအစီအစဉ်များအတိုင်း တစ်ပြေးညီအပြည့်အဝပေးနေခြင်း မဟုတ်ဘဲ ကန့်သတ်ပြီးပေးနေခြင်း ဖြစ်ပါတယ်။

### ဦးတည်ဆောင်ရွက်

ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိနိုင်ငံ၏ ၂၀၀၆–၂၀၀၇မှ ၂၀၁၀–၂၀၁၁ စတုတ္ထငါးနှစ်စီမံကိန်း ရည်မှန်းချက်များတွင် "ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များအား နိုင်ငံတော်၏ စီမံကိန်းများအတွင်းမှ ပြည့်မီကျော်လွန်ရေး"ဆိုသော ဦးတည်ချက်ထည့်သွင်းဆောင်ရွက်လျက်ရှိပါတယ်။

MDGများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အချို့အညွှန်းကိန်းများကို မရရှိသေးတာလည်းရှိပါတယ်။ ဒါတွေကို ဆက်လက်ရရှိအောင် တိုင်းတာပြီး target ပြည့်မီဖို့ စီမံချက်များအတွင်းက ဆောင်ရွက်သွားပါမယ်။ အဲဒီလို ဆောင်ရွက်ရာမှာ မိမိအစီအစဉ်အရလည်းကောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများရှိလျှင်လည်း ပူးပေါင်းဆောင်ရွက်၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ ရှင်းလင်းပြောကြားလိုသည့် တတိယအချက်ကတော့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ(UN Agencies)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGO)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ(IO)တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စများနှင့် သက်ဆိုင်ပါတယ်။

### ပူးပေါင်းဆောင်ရွက်

၂၀၀၆ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း၁၄ဖွဲ့က စီမံချက်၅၅ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (INGO) ၄၄ဖွဲ့က စီမံချက်အရေအတွက် ၅၆ခုကို ဆောင်ရွက်နေကြပါတယ်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း(IO) ကိုးဖွဲ့က စီမံချက်ပေါင်း၁၅ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း(NGO)နှစ်ဖွဲ့က စီမံချက်အရေအတွက် နှစ်ခုကို ဆောင်ရွက်နေပါတယ်။ ယခုစုစုပေါင်း စီမံချက်၁၂၈ခုကို မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းလိုပါတယ်။

### ညှိနှိုင်းဆောင်ရွက်သင့်

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGOများ၊ NGOများ၊ IO များနှင့် လုပ်ငန်းစီမံချက်များ ပူးပေါင်းဆောင်ရွက်မှုမှာ စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ယခုနှစ် ဖေဖော်ဝါရီလအတွင်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ လုပ်ငန်းလမ်းညွှန်စာအုပ်ကို ပြုစုထုတ်ဝေခဲ့ပါတယ်။ ဒီလိုထုတ်ဝေခဲ့တဲ့ အကြောင်းကတော့ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုရဲ့ ကိုယ်စားလှယ်တစ်ဦးဟာ ၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွင်း ၎င်းတာဝန်ပြီးဆုံး၍ နိုင်ငံမှ ပြန်လည်မထွက်ခွာမီ ဌာနဆိုင်ရာဝန်ကြီးတစ်ဦးကို တွေ့ဆုံခဲ့ပါတယ်။

ယင်းသို့တွေ့ဆုံစဉ် အဆိုပါပုဂ္ဂိုလ်က မြန်မာနိုင်ငံနယ်စပ်ဒေသတစ်ခုတွင် INGO အဖွဲ့အစည်းများ လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်ကြရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အချင်းချင်း မသိရှိကြ၍ တိုင်ပင်ညှိနှိုင်းမှုမရှိကြသဖြင့် ဒေသခံပြည်သူလူထုအတွက် ထိရောက်သော အကျိုးသက်ရောက်မှုလည်း မရှိကြောင်း၊ INGO အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညှိနှိုင်းဆောင်ရွက်မှုမရှိသဖြင့် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတော်မှ ပေါင်းစပ်ထိန်းချုပ်ပြီး စီစဉ်ပေးသင့်ကြောင်းကို အကြံပြုသွားပါတယ်။

ယင်းသို့ အကြံပြုပြောကြားချက်ကို အကြီးအကဲတို့ထံ တင်ပြခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် INGO/NGOများ မြန်မာနိုင်ငံတွင် လာရောက်ပူးပေါင်းဆောင်ရွက်သည့်အခါ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနှင့် ဦးစွာပေါင်းစပ်ညှိနှိုင်းမှုပြုရန်နှင့် အကောင်အထည်ဖော်မှုအပိုင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။

ထို့ကြောင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် INGO/NGO များရဲ့ လုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့ပါတယ်။

### စနစ်တကျပေါင်းစပ်

ထိုကဲ့သို့ သုံးသပ်ရာတွင် မြန်မာနိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကူအညီပေးနေသည့် အဆိုပါအဖွဲ့အစည်းများရဲ့ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် မိမိတို့ဘက်မှ စနစ်တကျပေါင်းစပ်ပေးရန် လိုအပ်နေသည်ကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ပူးပေါင်းဆောင်ရွက်ကြရာ၌ နိုင်ငံကိုအကျိုးပြု၍ ထိရောက်မှုရှိစေရေး၊ လုပ်ငန်းများ ပီပြင်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် စနစ်တကျရှိစေရေးတို့အတွက် လုပ်ငန်းလမ်းညွှန်ကို ပြုစုထုတ်ဝေခဲ့ပါတယ်။

အဲ့ဒီလုပ်ငန်းလမ်းညွှန်မှာ စီမံချက်ဆောင်ရွက်ရန် စတင်အဆိုပြုသည့်အဆင့်မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်တွေကို ဖော်ပြထားပါတယ်။

အဲ့ဒီလုပ်ငန်းလမ်းညွှန်ဟာ စီမံချက်လုပ်ငန်းများကိုဟန့်တားခြင်းမဟုတ်ဘဲ မိမိအထက်တွင်ရှင်းပြသည့်အတိုင်း ကုလသမဂ္ဂအဖွဲ့အစည်း၏ ကိုယ်စားလှယ်က ထောက်ပြသွားသည့် အားနည်းချက်များကို ကာမိစေပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် လမ်းညွှန်ဖော်ပြထားခြင်းသာဖြစ်ပါတယ်။

### ကင်းလွတ်ခွင့်များရရှိ

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများဟာ နိုင်ငံများတွင် လုပ်ငန်းများဆောင်ရွက်သည့်အခါတွင် 1946 Convention on the Privileges and Immunities of the United Nations နှင့် 1947 The United Nations Convention on the Privileges and Immunities of the Specialized Agencies စသည့် Convention များအရ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ ရရှိခဲ့ကြပါတယ်။

ထို Conventionများအနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများ နိုင်ငံများတွင်လုပ်ငန်းများဆောင်ရွက်ရာ၌ ရရှိသည့်အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကိုသာဖော်ပြခြင်းဖြစ်၍ မိမိတို့ရဲ့ လုပ်ငန်းလမ်းညွှန်နှင့် သဘောသဘာဝချင်း မတူညီပါဘူး။

ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအချို့က စီမံချက်ဒေသများသို့ သွားရောက်ရာတွင် ကန့်သတ်ချက်အချို့ရှိနေတယ်ဟူ၍ ယူဆနေကြပါတယ်။

### အကြွင်းအကျန်

မိမိတို့နိုင်ငံတွင် အချို့နေရာများမှာ သောင်းကျန်းသူအကြွင်းအကျန်များရှိနေသေးခြင်းကြောင့် မိမိတို့သွားလျှင်ပင် လုံခြုံရေးယူပြီးမှ သွားလာကြရပါတယ်။

ဒါကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ လုပ်ငန်းစီမံချက်ဒေသများသို့ သွားရောက်လိုသည့်အခါ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေနှင့် ၎င်းတို့လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပြီးမှသာ ခွင့်ပြုပေးခဲ့ပါတယ်။

၎င်းတို့ ပြည်တွင်းခရီးသွားလာသည့်အခါ သက်ဆိုင်ရာဌာနမှ တာဝန်ယူရပါတယ်။

အဆိုပါ အဖွဲ့အစည်းများ ၎င်းတို့၏အစီအစဉ်ဖြင့် ၎င်းတို့သွားပါက တစ်စုံတစ်ခုဖြစ်ခဲ့ပါလျှင် မြန်မာနိုင်ငံဘက်တွင် တာဝန်ရှိသဖြင့် လုံခြုံရေးကို စီစဉ်ပြီးမှသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

### ကူညီစီစဉ်ဆောင်ရွက်

လုံခြုံရေးစီစဉ်ဆောင်ရွက်နိုင်ရန် ရက်သတ္တပတ်နှစ်ပတ်ခန့် ကြိုတင်အချိန်ပေးအကြောင်းကြားရန်လိုပါတယ်။ အဖွဲ့လိုက်သွားရောက်ခြင်းများအတွက်လည်း ခရီးစဉ်သွားရောက်နိုင်အောင် ကူညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလျဉ်းသင့်၍ ပြောရလျှင် အဆိုပြုထားသည့် ခရီးအစီအစဉ်အတိုင်း သွားရောက်ကြသည့် အဖွဲ့အစည်းများရှိသကဲ့သို့ မူလအဆိုပြုထားသည့် ခရီးအစီအစဉ်တွင် မပါဝင်သည့်ကိစ္စရပ်များ ပြုလုပ်ခဲ့သည့်ဖြစ်ရပ်မျိုးလည်း ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံမှာရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးသည် ၂၀၀၄ခုနှစ် မေလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသသို့ ခရီးသွားရောက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ပုဂ္ဂိုလ်သွားရောက်လိုသည့် နေရာအားလုံးသွားရောက်နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့သော်လည်း အဆိုပါ ပုဂ္ဂိုလ်သည် မူလအဆိုပြုစီစဉ်ထားသည့် ခရီးအစီအစဉ်တွင် မပါဝင်ဘဲ အဖွဲ့အစည်းတစ်ခုနှင့် ၎င်းတို့သဘောဖြင့် တွေ့ဆုံခဲ့သည့် ဖြစ်ရပ်ရှိခဲ့ပါတယ်။

### ပူးပေါင်းဆောင်ရွက်ပေးနေ

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုက လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများကို အခြေခံပြီး စီမံချက်ဒေသများသို့ အတားအဆီးမရှိသွားရောက် ဆောင်ရွက်ခွင့်ရရှိရန် လိုအပ်ပါကြောင်း တင်ပြလာပါတယ်။ မိမိတို့အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ စီမံချက်ဆိုင်ရာ လုပ်ငန်းများအတွက် သွားလာဆောင်ရွက်နေမှုအပေါ် မည်သည့်အခါမှ တားဆီးဟန့်တားခြင်းမရှိခဲ့ပါ။ ၎င်းတို့လုပ်ငန်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုသည်မှာ မိမိတို့နိုင်ငံမှာ ယနေ့စိတ်ကူးရ၊ မနက်ဖြန်သွားရောက်ဆောင်ရွက်ရန်လိုသည့် အရေးတကြီး မဖြစ်မနေ သွားရမည့်ကိစ္စမျိုး မရှိပါဘူး။ ၎င်းတို့ရဲ့ လုပ်ငန်းရည်ရွယ်ချက်၊ ဦးတည်ချက်အတိုင်း ထိရောက်အောင်မြင်ပြီးမြောက်ရန် အဓိကဖြစ်ပါတယ်။ မိမိတို့နိုင်ငံက ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများဟာ ကြိုတင်စီစဉ်မှုဖြင့်ဆောင်ရွက်ရန် လုပ်ငန်းများသာဖြစ်ပါတယ်။ သက်ဆိုင်ရာများနှင့် ကြိုတင်စီစဉ်ညှိနှိုင်းပြီးမှ လုပ်ငန်းများကို သွားရောက် ဆောင်ရွက်သင့်ပါတယ်။ ယနေ့စိတ်ကူးရ၊ ယနေ့ ချက်ချင်းထသွားချင်တဲ့ ကိစ္စကို လုံခြုံရေးသဘောအရ ချက်ချင်းခွင့်မပြုနိုင်ခြင်းကို နှောင့်နှေးစေတယ်လို့ ပြောဆိုနေခြင်းဟာ မသင့်မြတ်ဘူးဆိုတာကို ယခုကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် သတင်းစာဆရာကြီးများအားလုံး ချင့်ချိန်နိုင်ကြမှာဖြစ်ပါတယ်။

ဤနေရာတွင် အနောက်နိုင်ငံများ၌ အချိန်မရွေး၊ နေရာမရွေး ၎င်းတို့သဘောအတိုင်း သွားရောက်သည့်အလေ့အကျင့်ရှိသော်လည်း မိမိတို့နိုင်ငံတွင်မူ အချို့ဒေသများသို့ လုံခြုံရေးအရသွားရောက်ရန် ချက်ချင်းခွင့်မပြုနိုင်သည်ကို နားမလည်နိုင်ဘဲ ၎င်းတို့အား တားမြစ်သည်ဟု မှတ်ယူနေကြပါတယ်။

### နှစ်ဖက်ညှိနှိုင်း

**ခရီးသွားလာရေးမှာ နှစ်ဖက်ညှိနှိုင်းပြီးသွားခြင်းက နှစ်ဖက်စလုံးကို အကျိုးများစေမှာဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာ ကုလသမဂ္ဂအဖွဲ့အစည်းများမှပုဂ္ဂိုလ်များကို လုံခြုံမှုအပြည့်အဝ ရှိစေချင်ပါတယ်။ ထို့ကြောင့် ခရီးသွားလာရေးမှာ လုံခြုံရေးစီစဉ်ပြီးမှ သွားလာခွင့်ပြုခြင်းကို နားလည်ပေးရန် လိုပါတယ်။**

မြန်မာနိုင်ငံဘက်မှ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက အဆိုပြုလာသော ခရီးစဉ်များအချိန်မီသွားရောက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) စသည့် အဖွဲ့အစည်းခုနစ်ခုတို့မှ လုပ်ငန်းစီမံချက်ဒေသများသို့ ၂၀၀၃ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ခုနှစ် အောက်တိုဘာလအထိ သွားရောက်ခဲ့သည့်ခရီးအစီအစဉ် ၅၅၀ကျော်အတွက် ၎င်းတို့အဆိုပြုသည့်အတိုင်း ပြည်တွင်းခရီးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် INGO အဖွဲ့အစည်း၂၈ခုတို့ကိုလည်း ၎င်းတို့သွားရောက်လိုသည့် စီမံချက်ဒေသများသို့ သွားရောက်နိုင်ရေးကို ဝန်ကြီးဌာနအလိုက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၃ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ခုနှစ် အောက်တိုဘာလအထိ ခရီးအစီအစဉ် ၅၀၀ကျော် သွားရောက်နိုင်ခဲ့ပါတယ်။ အလားတူ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း IO တို့မှ သွားရောက်လိုတဲ့ ခရီးအစီအစဉ် ၁၈၀ကျော်အတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

မိမိတို့နိုင်ငံတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များကို ပူပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို UN Charter ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လာရောက်ကူညီဆောင်ရွက်ခြင်းများကို ကြိုဆိုပါတယ်။ UN ကို အသုံးချပြီး မိမိနိုင်ငံအချုပ်အခြာအာဏာကို ထိပါးမည့်ကိစ္စများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့်လုပ်ရပ်များကိုမူ နိုင်ငံတော်အနေဖြင့် လက်မခံနိုင်ပါ။

မိမိနိုင်ငံတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGO)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ(IO)တို့နှင့် စီမံချက်ပေါင်း ၁၂၀ကျော်ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်အတွင်း၌ အလှူရှင်၃၂ဦးတို့က လှူဒါန်းသော သမဂ္ဂကာရီ ၂၈ပါးနေ နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာဖွင့်၊ ဖဲကြိုးဖြတ်၊ ရေစက်ချလှူဒါန်းခြင်းအခမ်းအနားနှင့် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသအား သိက္ခာထပ်တင်ခြင်း ပုနောပသမ္ပဒမင်္ဂလာတို့ကို ဒီဇင်ဘာ၂၁ရက် နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းတို့ ကြွရောက်ကြည်ညို သဒ္ဓါတရားပွားများနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (၄၀၀)

# တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွား မထိခိုက်သရွေ့ ILO နှင့် ပူးပေါင်းဆောင်ရွက်သွားမည်
# ဖိလစ်ပိုင်တွင် အာဆီယံနိုင်ငံများအတွင်း သဘောတူစာချုပ်လေးခု လက်မှတ်ရေးထိုးနိုင်ခဲ့
# မြန်မာနိုင်ငံတွင်ကဏ္ဍအလိုက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ဒေါ်လာ ၁၃ ဘီလီယံကျော်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၇

**ဒီဇင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတို့နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပသတင်းစာ ဆရာများ၊ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ဦးလှထွေး(နီဟွန်းကေဇိုင်းရှင်ဘွန်းသတင်းစာ)**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရဲ့ ကဏ္ဍအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှင်းလင်းပြောကြားခြင်းအပေါ် အားရမှုရှိပါတယ်။ အထူးသဖြင့် စွမ်းအင်ကဏ္ဍနဲ့ လျှပ်စစ်ကဏ္ဍတို့မှာ ပိုမိုအားရဖွယ်ရှိပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်လအတွင်း လျှပ်စစ်ဓာတ်အားပေးမှု အခြေအနေဟာ ယခင်ကနဲ့မတူဘဲ ယိုယွင်းလာခဲ့ပါတယ်။ အဓိက မြို့ကြီးများဖြစ်တဲ့ ရန်ကုန်၊ မန္တလေးနဲ့ အခြားမြို့များမှာ နေ့စဉ်လျှပ်စစ်ဓာတ် အား ပြတ်တောက်မှုများ ၈ နာရီမှ ၁၀ နာရီအထိ ဖြစ်ပေါ်နေပါတယ်။ ဘာကြောင့် အခုလိုဖြစ်ပေါ်နေတယ်ဆိုတာကိုရှင်းပြပေးစေလိုပါတယ်။ အကယ်၍ အခုလို လျှပ်စစ်ဓာတ်အားများ ပြတ်တောက်နေမယ်ဆိုရင် ထုတ်လုပ်မှုစွမ်းအားရဲ့ တွန်းအားဖြစ်တဲ့ လျှပ်စစ်လုံလောက်စွာမရရှိတဲ့အတွက် ထုတ်လုပ်မှု ကျဆင်းမှုရှိမှာဖြစ်လို့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိတယ်ဆိုတာကို သိရှိလိုပါတယ်။

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခင်းကျင်းပြသထားတဲ့ စာရင်းဇယားများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်လာမှုကိုလည်း ရည်ညွှန်းဖော်ပြထားပါတယ်။ ၁၉၈၈ခုနှစ်နဲ့ နှိုင်းယှဉ်ပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၂ဒသမ ၅ ဆ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုမှာ ၁ ဒသမ ၉ ဆအထိ တိုးတက်လာပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုသာမက လျှပ်စစ်ကိုအသုံးပြုနေတဲ့ စက်မှုကဏ္ဍများလဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေတာမို့ လျှပ်စစ်အသုံးပြုလိုမှုဟာ နှစ်စဉ်တိုးမြင့်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အား အဓိကရရှိတဲ့ အရင်းအမြစ်များအဖြစ် Gas Turbine နဲ့ Combine Cycle မှ လည်းကောင်း၊ ရေအားလျှပ်စစ်မှလည်းကောင်း ရရှိပါတယ်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလက စုစုပေါင်းထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အား ပမာဏ ၆၄၂ ဒသမ ၈ မဂ္ဂါဝပ်ရှိခဲ့ရာမှ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့မှာ ၄၂၃ ဒသမ ၇ မဂ္ဂါဝပ်သို့ကျဆင်းခဲ့ပါတယ်။ ဘီလူးချောင်းရေအား လျှပ်စစ်(၁)နဲ့ (၂)အနေဖြင့် လျှပ်စစ်ဓာတ်အားပမာဏ အမြဲထုတ်လုပ်ပေးနိုင်သော်လဲ အခြားရေလှောင်တမံများမှ ရေပမာဏပေါ်မူတည်ပြီး ထုတ်လုပ်နေရပါတယ်။ ဒါ့ကြောင့် လျှပ်စစ်ဓာတ်အားကို အလှည့်ကျပေးနေရတာဖြစ်ပါတယ်။ နေ့အချိန်မှာ စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေပါတယ်။ မြန်မာနိုင်ငံမှာ သဘာဝဓာတ်ငွေ့များ ပိုမိုရရှိနေပြီဖြစ်လို့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တိုးမြှင့်တည်ဆောက်လျက်ရှိပါတယ်။ ဒါကြောင့် လောလောဆယ်မှာ တစ်နေ့လျှင် ၁၂နာရီအထိ နယ်မြေသုံးခုခွဲ၍ လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**ဦးအောင်လှထွန်း(ရိုက်တာသတင်းဌာန)**

မြန်မာနိုင်ငံမှာ ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေကို သိရှိလိုပါတယ်။ ဒါ့အပြင် လှည့်လည်သုံးစွဲလျက်ရှိတဲ့ FEC ပမာဏကိုလည်း သိပါရစေခင်ဗျာ။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ**

[မြန်မာနိုင်ငံတွင် Permitted Foreign Direct Inverstment (FDI) (ခွင့်ပြုပြီးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ)အခြေအနေကို ကဏ္ဍအလိုက်နှင့် နိုင်ငံအလိုက် ပူးတွဲပါ ပုံစံဇယားများဖြင့် ရှင်းလင်းပြောကြားပါသည်။]



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)



စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ် မှူး ချုပ် သန်းဌေး ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**
**ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇော**

မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၀၃၀သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒေါ်လာ ၂၂၄၈သန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဒေါ်လာ ၁၄၅၂သန်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ဒေါ်လာ ၉၅၁သန်း၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းတွင် ဒေါ်လာ ၈၅၈သန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၃၀၉ သန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၃၀၁သန်း၊ စက်မှုကဏ္ဍတွင် ဒေါ်လာ ၁၉၃သန်း၊ သတ္တုလုပ်ငန်းတွင် ဒေါ်လာ ၁၇၂သန်း၊ ဆောက်လုပ်ရေး ကဏ္ဍတွင် ဒေါ်လာ ၃၇သန်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာ၃၄သန်း၊ အခြားဝန်ဆောင်မှု ဒေါ်လာ ၃၃သန်း စုစုပေါင်း ဒေါ်လာ၁၃ဘီလီယံကျော် ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၁ရက်အထိ FEC လည်ပတ်မှုပမာဏကတော့ FEC ယူနစ် ၂၇ဒသမ ၃၀၅သန်းဖြစ်ပါတယ်။

**ဒေါ်ဆင့်ဆင့်အောင်(နီပွန်တီဗွီသတင်းဌာန)**

ကျွန်မ မေးခွန်းနှစ်ခု မေးလိုပါတယ်။ ဘယ်လိုခိုင်းစေမှုမျိုးကို အဓမ္မလုပ်အားပေးစေခိုင်းမှုလို့ ခေါ်ဆိုပါသလဲ၊ အဓမ္မစေခိုင်းမှုနှင့်ပတ်သက်ပြီး စွပ်စွဲချက်မှန်ကန်ပါက စစ်ဘက်၊ အရပ်ဘက်ခွဲခြားမှုမရှိဘဲ အရေးယူခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသွားပါတယ်။ အရေးယူမှုမည်မျှရှိသည်ကို သိလိုပါတယ်။ တကယ်လို့ တိုင်ကြားတဲ့ဘက်က မှားခဲ့တယ်ဆိုရင် အဲလိုလူမျိုးကို အရေးယူခဲ့တာရှိပါသလား။

ရခိုင်ပြည်နယ် စစ်တွေမြို့မှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန်အတွက် ဈေးကြီး၊ ဆေးရုံအပါအဝင် ကမ်းနားလမ်းမှာရှိတဲ့ ရပ်ကွက်တွေကို ပြောင်းရွှေ့ရမယ်ဆိုတာ ကြားသိရပါတယ်။ အဲဒါ ဟုတ်ပါသလား။ ဟုတ်ခဲ့တယ်ဆိုရင် ဘယ်တော့၊ ဘယ်လိုအစီအစဉ်နဲ့ ပြောင်းရွှေ့ရမယ်ဆိုတာ သိချင်ပါတယ်။

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်**

အဓမ္မခိုင်းစေမှုဆိုတာနှင့် ပတ်သက်ပြီး ခင်းကျင်းပြသထားသည့်အထဲတွင် ပါရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁/၉၉)နှင့် ဖြည့်စွက်အမိန့်များ ထုတ်ပြန်ထားတာ ရှိပါတယ်။ အဲဒီအမိန့်ထဲမှာ ဘယ်လိုအမှုမျိုးဟာ အဓမ္မစေခိုင်းမှုနဲ့ အကျုံးဝင်တယ်။ ဘယ်လိုကိစ္စမျိုးကတော့ အကျုံးမဝင်ဘူး၊ လုပ်နိုင်တယ်၊ အဓမ္မစေခိုင်းမှုနဲ့ အကျုံးဝင်တဲ့ကိစ္စတွေကို မလုပ်ဖို့နဲ့ အကျုံးမဝင်တဲ့ကိစ္စတွေကို လုပ်နိုင်တဲ့အခြေအနေတွေကို အဲဒီအထဲမှာ ဖော်ပြထားပါတယ်။ အဲဒီလိုထုတ်ပြန်ထားတာကလည်း ILO ရဲ့ Convention(29) Article(2)၊ Para(2) ရဲ့ ဖွင့်ဆိုချက်အရ ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ၎င်းတွင် အဓိက အကျုံးမဝင်သည့်အချက်ငါးချက်ရှိပါတယ်။ အဲဒါတွေကတော့ (၁) Compulsory Military Service Law အရ မဝင်မနေရစစ်မှုထမ်းဆောင်ခြင်း ဥပဒေကြောင့် စစ်မှုထမ်းဆောင်ခြင်းသည် Forced Labour နှင့် အကျုံးမဝင်ပါဘူး။ (၂) ပြည်သူပြည်သားများ၏ ပြည်သူ့နီတိ တာဝန်အရ ကိုယ့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသန္တရဖွံ့ဖြိုးရေး၊ အများအတွက် ကျန်းမာရေး၊ လူမှုရေး အကျိုးအလို့ငှာ ဆောင်ရွက်ပေးမှုများဟာ Forced Labour မဟုတ်ပါဘူး။ (၃) တရားရုံးတစ်ခုခုက ပြစ်မှုကျူးလွန်တယ်လို့ ပြစ်ဒဏ်စီရင်ခံထားရသူကို စေခိုင်းတာဟာ Forced Labour မဟုတ်ပါဘူး။ (၄) အရေးပေါ်အခြေအနေအရ မီးဘေး၊ ရေဘေး၊ လေျှင်ဘေးကြောင့် အားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ခြင်းဟာလည်း Forced Labour မဟုတ်ပါဘူး။ (၅) ကိုယ့်လူမှုရေးအသိုက်အဝန်းအတွင်းမှာ ဝန်ဆောင်မှုပေးခြင်းဟာလည်း Forced Labour နဲ့ အကျုံးမဝင်ပါဘူး။

အဓမ္မလုပ်အားပေးစေခိုင်းတယ်လို့ ကြားသိရတာနဲ့ တစ်ပြိုင်နက် Field Obser vation Team ဆိုတဲ့ အဖွဲ့တွေ လွှတ်ပါတယ်။ အဲဒီ အဖွဲ့တွေက လေ့လာပြီး မှန်တယ်ဆိုလျှင် တိတိကျကျအရေးယူပါတယ်။ တိုင်ကြားတာက ပွဲစားနဲ့ပဲ တိုင်ကြားတာဖြစ်ဖြစ်၊ ကာယကံရှင်ကိုယ်တိုင် တိုင်ကြားတာဖြစ်ဖြစ် ပြစ်မှုကျူးလွန်တဲ့သူကို ထိထိရောက်ရောက် အရေးယူပါတယ်၊ မမှန်ကန်ပါက အရေးမယူပါဘူး၊ အဓမ္မလုပ်အားပေးတာမဟုတ်ကြောင်း ပြန်ကြားပေးပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန် ကြား ရေး မှူးချုပ် ဦးကျော်ဇော ဖြေကြား စဉ်။
(သတင်းစဉ်)



ဗဟို ဘဏ် ဥက္ကဋ္ဌ ဦးကျော် ကျော် မောင် ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)



မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင် ညွှန် ကြား ရေး မှူး ဒေါက်တာ စန်းဦးရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)

18-12 (11) 1 12/18/06, 4:44 AM

# မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ များ ပိုမိုရရှိနေပြီဖြစ်၍ ဓာတ်ငွေ့ သုံး ဓာတ်အားပေးစက်ရုံများ တိုးမြှင့်တည်ဆောက်လျက်ရှိ

စာမျက်နှာ ၁၁ မှ

ယခုအထိ အရေးယူခဲ့ပြီးသည့်အမှုအပေါင်းမှာ အရပ်ဘက် ရယကများ အပါအဝင် အမှုပေါင်း၅ဝခန့်နဲ့ တပ်ဘက်တွင် ၁၂မှုရှိခဲ့ပါတယ်။

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး**

ကျွန်တော်တို့ရခိုင်ကမ်းလွန်တွင် သဘာဝဓာတ်ငွေ့ Reserveကြီးကြီးမားမား တွေ့လာတဲ့အခါမှာ နိုင်ငံခြားကိုတော့ ပိုက်လိုင်းနဲ့ ထုတ်ရောင်းတော့မှာပဲဆိုတာကို တွက်ဆပြီးတော့ ဒီလိုဖြစ်လာရင် တိုင်းပြည်ကြီးပွားမှာ၊ ကျွန်တော်တို့လူမျိုး ချမ်းသာမှာကို မလိုလားလို့ ဒီပေါ်မှာကြိုတင်ပြီး နှောင့်ယှက်ဖျက်ဆီးဖို့ လုပ်ကြံစွပ်စွဲချက်မျှသာ ဖြစ်ပါတယ်။ ရပ်ကွက်တွေကို ရွှေ့ပြောင်းဖို့ အစီအစဉ်လုံးဝမရှိပါဘူးဆိုတာ ဖြေကြားလိုပါတယ်။

**ဦးသက်ခိုင် (မြန်မာတိုင်းမ်ဂျာနယ်)**

မြန်မာနိုင်ငံအပေါ် ILO က နိုင်ငံရေးအရ ဖိအားပေးတာ ရှိတယ်လို့ သိရှိရပါတယ်။ အဲဒီလိုနိုင်ငံရေးအရ ဖိအားပေးနေမှုတွေ လျော့နည်းသွားအောင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။ အခုလိုဖိအားပေးနေစဉ်မှာ မြန်မာနိုင်ငံက ILOနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံအတွက် ကောင်းကျိုး၊ ဆိုးကျိုးဘယ်လိုရှိမလဲဆိုတာ သိလိုပါတယ်။

ဒုတိယမေးခွန်းကတော့ မြန်မာနိုင်ငံဟာ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းထူထောင်ရေးမှာ လက်မှတ်ရေးထိုးထားပါတယ်။ အဖွဲ့ဝင်နိုင်ငံအချို့မှာ Economic Structural Adjustment (ESA) စီးပွားရေးအသွင်သဏ္ဌာန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရတယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ESA လုပ်ဖို့လိုပါသလား။ လိုရင် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိလိုပါတယ်။

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်**

နိုင်ငံရေးအရ ဖိအားပေးခြင်းဟာ ILO ရဲ့ အလုပ်မဟုတ်ပါဘူး။ ILO ဖွဲ့စည်းပုံနိဒါန်းမှာ အလုပ်သမားအရေးကိစ္စများ တရားမျှတမှုရရှိအောင် ဆောင်ရွက်ပေးရန် ဖော်ပြပါရှိပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်သမားများဆိုင်ရာကိစ္စရပ်များ တရားမျှတမှုရှိအောင် အများကြီးဆောင်ရွက်ပေးထားပါတယ်။ အဲဒီလိုဖော်ဆောင်ပေးနေမှုများကို သိအောင်ရှင်းလင်းပြနိုင်လျှင် ပြေလည်သွားမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ILOအပေါ် အကောင်းမြင်သဘောထား ထားရှိပါတယ်။ ဒါကြောင့်မို့ ILO နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့အခြေအနေမှန်ကို သိရှိအောင်ဆောင်ရွက်မယ်၊ အားလုံးက လက်ခံနိုင်မယ့်အဆင့်တစ်ခု ရောက်လာမယ်လို့လဲ မျှော်လင့်ထားပါတယ်။ ဒါကြောင့်မို့ ILO နဲ့ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမယ်လို့လည်း ပြောကြားထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် မိမိတိုင်းပြည်နဲ့လူမျိုးရဲ့ အကျိုးစီးပွားကို မထိခိုက်သရွေ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ**

အာဆီယံအနေနဲ့ ၂၀၁၅ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်နေပါတယ်။ အဲဒီလိုဖြစ်ပေါ်ရေးအတွက် အဓိကအားဖြင့် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အဓိကပါဝင်ပါတယ်။ ယင်းကဏ္ဍများဆိုင်ရာ သဘောတူစာချုပ်များကို အာဆီယံနိုင်ငံအချင်းချင်း ညှိနှိုင်းပြီးလက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံအနေနဲ့ လက်မှတ်မရေးထိုးနိုင်တာတစ်ခုမျှမရှိပါဘူး။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ဖိလစ်ပိုင်နိုင်ငံမှာ အာဆီယံနိုင်ငံများအတွင်း သဘောတူစာချုပ်လေးခုရှိတာကို ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဘာမှ ပြဿနာမရှိပါဘူး။

**ဦးကျော်စွာမင်း (Yangon Times ဂျာနယ်)**

မြန်မာနိုင်ငံအား အဓမ္မခိုင်းစေမှုအရ ILO က ICJ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်ပြမယ်လို့ ကြားသိနေရပါတယ်။ ယင်းအချက် မှန်မမှန် သိလိုပါတယ်။ အခုတလော သတင်းတွေမှာ ပြည်ပနိုင်ငံကို အလုပ်သမားပို့တဲ့ အေဂျင်စီကပြောတဲ့အတိုင်း ပြည်ပတွင်အလုပ်မရ၍ အခက်အခဲရှိနေတယ်လို့ သိရပါတယ်။ ယင်းသို့မဖြစ်ပေါ်စေရန်မည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိသည်ကို သိရှိလိုပါတယ်။ ပုဂ္ဂလိကစက်ရုံအချို့မှာ ညလုံးပေါက်ခိုင်းစေနေကြောင်း ကြားသိရပါတယ်။ မည်သို့အရေးယူ ဆောင်ရွက်ထားတယ် ဆိုတာကို သိပါရစေ။



နီဟွန်းကေဗိုင်း ရှင်ဘွန်း သတင်းစာမှ ဦးလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)



မြန်မာတိုင်းမ် ဂျာနယ်မှ ဦးသက်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)



ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)



Weekly Eleven ဂျာနယ်မှ ဦးနေထွန်းနိုင် မေးမြန်းစဉ်။ (သတင်းစဉ်)



နီပွန်တီဗွီ သတင်းဌာနမှ ဒေါ်ဆင့်ဆင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)



လယ်ယာစီးပွား သတင်းဂျာနယ်မှ ဦးကြည်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းမ် ဂျာနယ်မှ ဦးကျော်စွာမင်း မေးမြန်းစဉ်။ (သတင်းစဉ်)

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်ကြည်**

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)သို့ တင်ပြမယ်ဆိုတာဟာ မလိုအပ်သော ကိစ္စဖြစ်ပါတယ်။ ဒါဟာ ILOရဲ့ ဖွဲ့စည်းပုံနှင့်လည်း ကိုက်ညီမှုမရှိပါဘူး။ အဲဒါကိုလည်း ICJ မှ တာဝန်ရှိသူတွေက အလေးအနက်ထားမယ်လို့ မျှော်လင့်ပါတယ်။ နောက်မေးခွန်းတစ်ခုနဲ့ပတ်သက်ပြီး ပုဂ္ဂလိကစက်ရုံတွေမှာ သတ်မှတ်ထားတဲ့ အလုပ်ချိန်အတွင်းမှာပဲခိုင်းဖို့ တိကျစွာ ညွှန်ကြားထားပါတယ်။ အချိန်ပိုကိုလည်း အကန့်အသတ်နဲ့ သတ်မှတ်ပေးထားပါတယ်။ သတ်မှတ်ချိန်ထက် ပိုခိုင်းတယ်ဆိုရင် ပထမကြိမ်မှာ တရားဝင်စာဖြင့်သတိပေးပါတယ်။ ဒုတိယအကြိမ်ဖြစ်ပါက ခေါ်ပြီးကတိဝန်ခံချက် ရေးထိုးစေပါတယ်။ တတိယ အကြိမ်ဖြစ်ပါက တရားစွဲပါတယ်။ ဒီလိုတရားစွဲတဲ့ စက်ရုံလောလောဆယ် ရွှေပြည်သာ စက်မှုဇုန်မှာ တစ်ရုံရှိပါတယ်။ အလုပ်သမားဝန်ကြီးဌာနက ပြည်ပအေဂျင်စီ ၇၀ သို့ တရားဝင်လိုင်စင် ထုတ်ပေးထားပါတယ်။ အားလုံးစည်းမျဉ်း၊ စည်းကမ်းလိုက်နာစေရန် ဝန်ခံချက်ရယူထားပါတယ်။ မလိုက်နာပါကလိုင်စင်ရုပ်သိမ်းပါတယ်။ လိုအပ်ပါကတရားစွဲဆိုတယ်။ လိုင်စင်မရှိဘဲ လွှတ်တဲ့လူတွေကတော့ ဥပဒေ ပုဒ်မ(၃/၉၉)အရ ထောင်ဒဏ်ခုနစ်အပြင် ငွေဒဏ်ပါချမှတ်ပါတယ်။ အလုပ်အကိုင်ရှာဖွေရေးအကြောင်းပြပြီး ငွေကြေးရယူတဲ့ အဖွဲ့အစည်းကိုလည်း မကြာခင်က အရေးယူခဲ့ပါတယ်။

**ဦးနေထွန်းနိုင် (Weekly Eleven ဂျာနယ်)**

နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိအချိန်မှာ ပင်စင်လစာနဲ့ ရပ်တည်နေရတဲ့ အသက် ၆၀၊ ၇၀အရွယ်ရှိတဲ့ ဝန်ထမ်းတွေဟာ များသောအားဖြင့် ရနေတဲ့ပင်စင်လစာဟာ ခေတ်ကာလနဲ့ လျော်ညီမှုမရှိတော့တဲ့အတွက် သူတို့ရဲ့ ပင်စင်လစာတွေကို တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိပါသလား သိပါရစေ။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း**

ကျွန်တော်တို့ပင်စင်လစာနဲ့ပတ်သက်လို့ အခုနက မေးတယ်လို့ ယူဆပါတယ်။ အခု လစာနှုန်းအသစ်ကို ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ် ဧပြီလ(၁)ရက်နေ့က နေစပြီးတော့ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို ကျွန်တော်တို့ လစာနှုန်းထားအသစ်နဲ့ ပေးခဲ့ပါတယ်။ သို့သော် ရှေ့မှာရှိနေတဲ့ ဝန်ထမ်းအဟောင်းတွေပေါ့လေ၊ လစာနှုန်းထား အဟောင်းနဲ့သွားနေတဲ့ ဝန်ထမ်းတွေကတော့ မူလကရရှိထားတဲ့ ပင်စင်စနစ်အတိုင်းပဲ ကျွန်တော်တို့ ပေးနေဆဲဖြစ်ပါတယ်။ လစာနှုန်းထားအသစ်နဲ့သွားမယ့် ဝန်ထမ်းတွေ နောင်တစ်ချိန် ပင်စင်ယူသွားတဲ့အခါမှာဆိုရင်တော့ ကျွန်တော်တို့ ပင်စင်လစာဟာနှုန်းထား အသစ်အတိုင်းပဲ ဖြစ်မယ်ဆိုတာကို ကျွန်တော် ပြန်ကြားလိုပါတယ်။

**ဦးကြည်စိုး(လယ်ယာစီးပွားသတင်းဂျာနယ်)**

ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ သယ်ယူပို့ဆောင်ခတွေ ကြီးမြင့်လာတာနဲ့ပတ်သက်ပြီးတော့ ကုန်ဈေးနှုန်းကို နည်းနည်းလေး ဂယက်ရိုက်ချင်လာပါတယ်။ သိသာတာက အခုဆန်သစ်ပေါ်တဲ့ ရာသီဖြစ်ပေမယ့်လို့ ဆန်ဈေးတွေ သိသိသာသာမကျသွားပါဘူး။ ဆန်သစ်ဆန်ချောဆိုရင် ဈေးတောင် နည်းနည်းမာနေပါတယ်။ ဒါကြောင့်မို့လို့ ဆန်ထွက်ရှိမှုနဲ့ ဆန်ဈေးနှုန်း အခြေအနေနဲ့ ရေရှည်မှာ ကုန်ဈေးနှုန်းကို မထိခိုက်ရအောင် ဘယ်လိုများ အစီအမံများ ချမှတ်ဆောင်ရွက်ထားပါသလဲဆိုတာ သိပါရစေခင်ဗျား။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ**

မေးခွန်းကတော့ ဆန်ဈေးတက်တဲ့ အတွက်ကြောင့် ဒါကိုရေရှည်မှာ ဘယ်လို အစီအစဉ်ရှိပါသလဲတဲ့။ ဖြေရရင်တော့ ကျွန်တော်တို့ အထူးသဖြင့် Inflation ကို ကျွန်တော်တို့ဂရုစိုက်နေပါတယ်။ Inflation ကျအောင်က ကျွန်တော်တို့လည်း လုပ်ရမယ်။ ပြည်သူတွေအားလုံးလည်း ပူးပေါင်းပါဝင်ပြီးလုပ်ရပါမယ်။ အားလုံးဝိုင်းပြီးလုပ်ကြမှ ဒီဟာရနိုင်ပါတယ်။ ကျွန်တော်တို့ တာဝန်ရှိတဲ့သူ တစ်ခုတည်းနဲ့ လုပ်တာထက် အားလုံးဝိုင်းပြီးလုပ်ကြမှ ပိုပြီး ထိရောက်ပါလိမ့်မယ်။ ကုန်ဈေးနှုန်းတက်လို့ရှိရင် တိုင်းပြည်မှာ၊ မြန်မာပြည်မှာရှိတဲ့ ပြည်သူအားလုံးကို လာပြီး ထိခိုက်တာဖြစ်ပါတယ်။ ကုန်ဈေးနှုန်းတက်အောင်ကိစ္စမျိုးကို အမှတ်တမဲ့လုပ်လိုက်မိတဲ့ လူတွေကိုယ်တိုင်လဲ အဲဒီကိစ္စကို ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုတော့ အားလုံးပဲ ဝိုင်းဝန်းပြီးတော့ ဂရုတစိုက်လုပ်ကြဖို့လိုမယ်လို့ ဖြေကြားချင်ပါတယ်။ ။

## ဒေးဒရဲမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံ ၅၇ အာဇာနည်လမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ အားလုံးနှင့် ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ၊ နယ်သားများ တက်ရောက်ရန် ဖိတ်ကြားထားသည်။ သက်ကြီးပူဇော်ကန်တော့ခံရန် ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁၃ရက်(ဒီဇင်ဘာ၃၁ရက်)တွင် အသက် ၇၉နှစ်ပြည့်ပြီး အသင်းဝင်များနှင့် အသင်းဝင်မိသားစုများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် ဇန်နဝါရီ၂၁ရက်နောက်ဆုံးထား၍ ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဦးဇော်လွင် ဖုန်း-၀၉-၈၀-၃၁၇၄၈၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၁-၃၆၇၉၈နှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁တို့သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။**(က-ပ)**

## သဲအင်းဂူအစိဋ္ဌာန် ခုနစ်ရက်တရားစခန်းနှင့်ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဒီဇင်ဘာ၂၄ရက်မှ ၃၁ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းနေ့တွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိနှင့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တရေဝတ(ကျောက်ပန်းတောင်း) အရှင်သူမြတ်နှစ်ပါးတို့က ခန္ဓာကိုယ် တွေ့ သမထဝိပဿနာတရားများ ချီးမြှင့်ဟောကြားပြသမည်။ ဩဝါဒါစရိယပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများ ပူဇော်ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဒီဇင်ဘာ၂၃ရက် (စနေနေ့)ညနေ၅နာရီအရောက် စိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊အရုဏ်ဆွမ်းများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## စာပြန်ပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းအုပ်စု သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်အနီး ဓမ္မပါလကျောင်း စာသင်တိုက်၌ (၂၉)ကြိမ်မြောက် ပရိယတ္တိစာပြန်ပွဲတော်နှင့် စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြုစာအောင်ဆုနှင်းသဘင်ပွဲတော်ကို ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ရက်အထိကျင်းပမည် ဖြစ်ရာ ဖုန်း-၀၅၆-၂၁၁၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

## သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ညောင်တုန်း မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်၇၅နှစ်ပြည့် အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များနှင့် ညောင်တုန်းမြို့ စာစစ်ဌာနမှ သုံးဘာသာ ဂုဏ်ထူးရှင်များ အပါအဝင် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ရန်ကုန်ရောက် ညောင်တုန်း နယ်သားအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

**(က-ပ)**

## သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

**စုစည်းတင်ပြသူ – မြင့်မောင်စိုး**

တစ်ပတ်အတွင်းကမ္ဘာတစ်ဝန်းတွင် ဖြစ်ပျက်ခဲ့သော ထူးခြားဖြစ်စဉ်များကို မြန်မာ့အလင်းသတင်းစာ ပရိသတ်အတွက် ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်။

**ဒီဇင်ဘာ ၁၁ ရက်**

- နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ရပ် ကျင်းပခဲ့သည်။ ယင်းရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း၂၆နိုင်ငံမှ မှတ်တမ်းတင်ရုပ်ရှင်ကားများ ပြသခဲ့ကြောင်းသိရသည်။
- ရီမင်တိုင်းမ်မှ နာဒီယာဒယ်ဆက်ကွက်ဆိုမော အမျိုးသမီးအယ်ဒီတာချုပ်သည် ၂၀၀၆ခုနှစ်အတွက် ကမ္ဘာ့သတင်းအသင်း(ဝမ်)မှ ချီးမြှင့်ပေးအပ်သည့်ဆုကို ရရှိခဲ့သည်။
- အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တောင်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်ရေး လှုံ့ဆော်မှုတွင် ပါဝင်ပတ်သက်သူ နိုင်ငံခြားသား၁၃ဦးအား ဖမ်းဆီးလိုက်သည်။
- အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂျာဟာခရမ်းပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း ဓားပြတိုက်ခံရမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။
- ဆွီဒင်နိုင်ငံ ဂုတင်ဘတ်၌ ရေလွှမ်းမိုးခဲ့သည်။



ဒီဇင်ဘာ ၁၁ရက်က ဆွီဒင်နိုင်ငံ ဂုတင်ဘတ်၌ ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

**ဒီဇင်ဘာ ၁၂ ရက်**

- ဇမ်ဘီယာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ကျွန်းသစ်လိုအပ်ချက် မကြာသေးသည့် နှစ်များက မြင့်မားလာခဲ့သည်။
- အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စုံတွဲပေါင်း၁၅၀၀၀တို့စုပေါင်းလက်ထပ်ပွဲကြီး ကျင်းပခဲ့ကြသည်။
- တရုတ်နိုင်ငံသည် ဂျပန်ကိုကျော်၍ ကမ္ဘာတွင် အကြီးဆုံး ကြော်ငြာဈေးကွက်ကြီးတစ်ခု ဖြစ်လာခဲ့သည်။
- ရှန်ဟိုင်းမှ နယူးယောက်သို့ ပထမဆုံးတိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ခရီးသည် ၂၃၄ဦး တင်ဆောင်ကာ ၁၄နာရီဖြင့် ပျံသန်းပြေးဆွဲပေးခဲ့သည်။

**ဒီဇင်ဘာ ၁၃ ရက်**

- အီရန်က ပါလက်စတိုင်းသို့ ဒေါ်လာသန်း ၂၅၀အကူအညီပေးရန် ကတိပြုခဲ့သည်။
- မက္ကဆီကို အစိုးရက နိုင်ငံအနောက်ပိုင်း မီချော်ကန်ပြည်နယ်၌ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအတွက် လေယာဉ် ၅၇စင်းက တပ်အင်အား ၈၀၀၀ကို ကျောထောက်နောက်ခံပြုလျက် တိုက်ဖျက်သွားရန် ကြေညာလိုက်သည်။

- လက်ဘနွန်နိုင်ငံ၏ အကျပ်အတည်းကို အာရပ်အဖွဲ့ချုပ်က ဖြေရှင်းနိုင်ရန် အထွေထွေသဘောတူညီချက် တစ်ရပ်ရရှိသွားကြောင်း ၎င်း၏ အတွင်းရေးမှူးချုပ် မောက်ဆာက ပြောကြားလိုက်သည်။

**ဒီဇင်ဘာ ၁၄ ရက်**

- မလေးရှားအစိုးရက နိုင်ငံဖြတ်ကျော် သဘာဝဘေးအန္တရာယ် တားဆီးရေးအကူအညီများပေးရန် အစီအမံများ ဆောင်ရွက်ရေး ဆော်ဩတိုက်တွန်းလိုက်သည်။
- တရုတ်နိုင်ငံ ဟာဘင်မြို့၌ ရေခဲများဖြင့် ထုလုပ်ထားသော မီးအိမ်ပွဲတော်ကြီးတစ်ရပ် ကျင်းပခဲ့သည်။

**ပြင်ဆင်**

ဒစ္စကာဗာရီ လွန်းပြန် ယာဉ်မှ အာကာသ ယာဉ်မှူး ရောဘတ် နိုင်ငံတကာ အာကာသစခန်း အပြင်ဘက် ရှိ ရုပ်မြင်သံကြားကင်မရာအား ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



- ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ဖြင့် လိုက်ပါသွားသော အာကာသယာဉ်မှူး ရောဘတ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်အပြင်ဘက်ရှိ ရုပ်မြင်သံကြားကင်မရာကို ပြင်ဆင်ရန် လမ်းထွက်လျှောက်ခဲ့သည်။

**ဒီဇင်ဘာ ၁၅ ရက်**

- တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။
- ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးသည် ၂၀၀၇ ခုနှစ်အတွက် သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရသည်။
- နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ ဘဏ်ဓားပြတိုက်မှုကြောင့် လူ ၁၇ဦး သေဆုံးခဲ့ရသည်။
- အိန္ဒိယ၌ ဆဲလ်ဖုန်းအသုံးပြုသူဦးရေသည် ၂၀၀၇ ခုနှစ်တွင် သန်း ၂၇၀ ရှိလာမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ခန့်မှန်း ပြောကြားသည်။

**ဒီဇင်ဘာ ၁၆ ရက်**

- အင်ဒိုနီးရှားအစိုးရသည် ရေနံထုတ်လုပ်မှုမြှင့်တင်ရန် ကုမ္ပဏီ ၁၈ ခုကို ရေနံရှာဖွေခွင့်ပြုလိုက်သည်။
- အာဖရိကခေါင်းဆောင်များသည် နိုင်ရိုဘီမြို့၌ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကျင်းပခဲ့အပြီး လုံခြုံရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးလိုက်သည်။

**ဒီဇင်ဘာ ၁၇ ရက်**

- ရုရှားနိုင်ငံအနောက်တောင်ပိုင်း ဘိုရိုနက်ဒေသ၌ ရက်လွန်ဆေးများသုံးစွဲခဲ့သည့်ကလေးများ ဆေးရုံသို့တင်ပို့လိုက်ရသည်။
- အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းပေါ်ရှိ ကျေးရွာတစ်ရွာပေါ်သို့ မြေပြိုကျခဲ့ရာ အနည်းဆုံး လူ ၁၇ ဦး သေဆုံးခဲ့ပြီး အချို့ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ ။

(အင်တာနက်)

# ဂရင်းရွိုင်ရယ်ဖလားဘောလုံးပြိုင်ပွဲ ဗထူးကွင်း၌ကျင်းပ မြန်မာ(ယူ–၂၃)နှင့် မြန်မာ့လက်ရွေးစင်အသင်းတို့အနိုင်ရရှိ

မန္တလေး ဒီဇင်ဘာ ၁၇

**အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd.တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ စတင်ကျင်းပရာ မြန်မာ(ယူ–၂၃)အသင်းက မလေးရှား(ယူ–၂၃) အသင်းကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်အသင်းက အင်ဒိုနီးရှား(ယူ–၂၃) အသင်းကိုလည်းကောင်း အနိုင်ရရှိသွားကြသည်။**

## တစ်ဂိုးဖြင့်နိုင်

ယနေ့ညနေ၃နာရီခွဲက ပထမပွဲစဉ်အဖြစ် မြန်မာ့(ယူ –၂၃) အသင်းနှင့် မလေးရှား(ယူ–၂၃)အသင်းတို့ယှဉ်ပြိုင်ကစားရာ မြန်မာ(ယူ–၂၃)အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကစားရာ နှစ်သင်းစလုံး လူငယ်များကို အခြေခံဖွဲ့စည်းထားသဖြင့် လျင်လျင်မြန်မြန်ဖြင့် တိုက်စစ်ဆင်ကစားကြရာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိ သရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် မြန်မာ(ယူ–၂၃) အသင်း ကစားကွက်ဖော်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းယူနိုင်ခဲ့သည်။ မြန်မာ(ယူ–၂၃) အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်၆၈မိနစ်တွင် အလယ်တန်းလူ မျိုးမင်းထွန်းက ပယ်နယ်တီဧရိယာအတွင်းမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ(ယူ–၂၃)အသင်းသည် ပွဲဦးထွက် သုံးမှတ်ရရှိသွားရာ ဗိုလ်လုပွဲတက်ရန် မျှော်လင့်ချက်ထားနိုင်သည့် အနေအထားဖြစ်သည်။

## အကောင်းဆုံးဆု

ပွဲအပြီးတွင်ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိသွားသော မြန်မာ(ယူ–၂၃) အသင်းမှ ရာဇာဝင်းသိန်းအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က အမေရိကန်ဒေါ်လာ၂၀၀ ပေးအပ်ချီးမြှင့်သည်။

ပထမပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြများက ရှင်းလင်းပွဲပြုလုပ်ရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းကြသည်။ ရှေးဦးစွာ အနိုင်ရရှိသွားသော မြန်မာ(ယူ–၂၃)အသင်းနည်းပြ ဦးတင်မြင့်အောင်က ပြောကြားရာ "ယခုပွဲစဉ်၌ မိမိအသင်းမှ ကစားသမားများ ကစားသွားမှုအပေါ် ကျေနပ်အားရမှုရှိပါကြောင်း၊ ကြံ့ခိုင်မှုကောင်းပါက ယခုထက်ပို၍ ဂိုးရနိုင်ကြောင်း၊ မလေးရှားအသင်း ကစားသွားမှုအပေါ် မိမိလေးစားပါကြောင်း၊ မိမိတို့အသင်း စုစည်းမှုအားနှင့် စိတ်ဓာတ်ကောင်းမွန်၍သာ အနိုင်ရရှိခြင်း ဖြစ်ပါကြောင်း၊ မလေးရှားအသင်းမှ ကျောနံပါတ်(၁၇) ကစားပုံကို အကြိုက်ဆုံးဖြစ်ကြောင်း၊ မလေးရှားအသင်း၏ အားနည်းချက်မှာ တိုက်စစ်ပြီးဆုံးသွား၍ ခံစစ်ဖြစ်သည့်အခါ ပြိုင်ဘက်ကို လျှော့တွက်သည့် အချက်ပင်ဖြစ်ကြောင်း၊ နောက်တန်းလူ ဟန်ဝင်းအောင် ဒဏ်ရာအနည်းငယ်ရရှိသွား၍ လူစားလဲရသော်လည်း နောက်ပွဲများကစားနိုင်မည်ဖြစ်ကြောင်း၊ နောက်ပွဲစဉ်များ၌ အလယ်တန်းနှင့် ရှေ့တန်းတိုက်စစ်အပိုင်း အားနည်းမှုကို ပြုပြင်သွားရမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

## မလေးရှားနည်းပြပြောကြား

ဆက်လက်၍ မလေးရှား(ယူ–၂၃) အသင်းနည်းပြ ဆာသီယာက ရှင်းလင်းပြောကြားရာတွင် "မြန်မာအသင်းပိုကောင်း၍ အနိုင်ရသွားခြင်း ဖြစ်ကြောင်း၊ မြန်မာအသင်း အနိုင်ရရှိမှုအပေါ် ဂုဏ်ယူပါကြောင်း၊ ဒိုင်လူကြီး၏လုပ်ဆောင်မှုမျှတ၍ ယခုပွဲရလဒ်အပေါ် ကျေနပ်ပါကြောင်း၊ ယနေ့ပွဲ၌ မိမိအသင်းမှ ကစားသမားများ အမှားများပြီး အသင်းလိုက် နားလည်မှုလွဲနေကြောင်း၊ နောက်လာမည့် ပွဲစဉ်များ၌ အနိုင်ရရှိရန်လိုအပ်ကြောင်း၊ ကစားသမားသုံးယောက်ခန့် ပြောင်းလဲပြီး ကစားမည်ဖြစ်ကြောင်း"ပြောကြားသည်။

## နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်

ညနေ ၆နာရီတွင် ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှား(ယူ–၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားပြီး ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပိုင်း၌ နှစ်ဂိုးရရှိခဲ့ရာ အသင်းခေါင်းဆောင် စိုးမြတ်မင်းက နှစ်ဂိုးစလုံးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းပွဲစပြီး မကြာမီ ကျောနံပါတ်(၁၈)က သွင်းယူပေးခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ပွဲ အနိုင်ရရှိသဖြင့် ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းလျက်ရှိသည်။

## ပေးအပ်ချီးမြှင့်

ပွဲအပြီးတွင်ပွဲစဉ်အလိုက်အကောင်းဆုံးဆုရရှိသွားသော မြန်မာ့လက်ရွေးစင်အသင်းအတွက် နှစ်ဂိုးသွင်းယူပေးသူ အသင်းခေါင်းဆောင် စိုးမြတ်မင်းအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က အမေရိကန်ဒေါ်လာ၂၀၀ ပေးအပ်ချီးမြှင့်သည်။

## ဒုတိယပွဲစဉ်များ

ဒီဇင်ဘာ ၁၉ရက် ညနေ၃နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် မြန်မာ(ယူ–၂၃) အသင်းနှင့်အင်ဒိုနီးရှား(ယူ–၂၃)အသင်း ညနေ ၆နာရီတွင် ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့်မလေးရှား (ယူ–၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရေးသားပေးပို့လိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**သတင်းပေးပို့သူ – ကိုထွေး**



## စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ မျက်မမြင်ကျောင်းသားများ စာရေး၊ စာဖတ်နှင့် ကြိမ်ထိုးမှုအားပေး မုံရွာမြို့ ရောင်ခြည်သစ် ပရဟိတမျက်မမြင်ကျောင်းသို့ အာဟာရနှင့် အလှူငွေများလှူဒါန်း

**မုံရွာ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မုံရွာမြို့ ရောင်ခြည်သစ် ပရဟိတ မျက်မမြင်ကျောင်းသို့ တစ်နေ့တာ အာဟာရနှင့်အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက် မွန်းလွဲ၁နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူမိသားစုနှင့် အတွင်းရေးမှူး ဒေါ်နုနုဝင်းမိသားစုတို့က တစ်နေ့တာ အာဟာရကျွေးမွေး လှူဒါန်းကြပြီး **(အပေါ်ပုံ)** တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ပရဟိတ မျက်မမြင်ကျောင်းအတွက် တစ်နေ့တာ အာဟာရအတွက် အလှူငွေကျပ် ၂၀၀၀၀၊ အာဟာရ ပဒေသာပင်အတွက် ငွေကျပ်၃၀၀၀၀၊ စောင်အထည် ၂၀အတွက် ငွေကျပ်၃၃၀၀၀ စုစုပေါင်းငွေကျပ်၈၃၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မျက်မမြင်ကျောင်းမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များသည် ပရဟိတ မျက်မမြင်ကျောင်းမှ ကျောင်းသားများ၏ ဂီတဖြင့် ဖျော်ဖြေခြင်း၊ စာရေးသားခြင်း၊ စာဖတ်ခြင်း၊ ကြိမ်ထိုးခြင်းနှင့် ကြိုးကျစ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ရေဦး၌ဖွင့် ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများ ရှင်းလင်း

ရေဦး ဒီဇင်ဘာ ၃

**စစ်ကိုင်းတိုင်း ရွှေဘို ခရိုင်အတွင်းရှိ ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်း သုံးမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလုပ်ငန်း စွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈နာရီက ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်သင်တန်းကြီးကြပ်ရေးတာဝန်ခံ ခရိုင် ပညာရေးမှူး ဦးကံသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း စည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ရေဦး မြို့နယ်မှ သင်တန်းသား ၆၄ဦး၊ တန့်ဆည်မြို့နယ်မှ သင်တန်းသား ၅၅ဦး၊ ဒီပဲယင်း မြို့နယ်မှ ၅၇ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

## ကြက်ခြေနီ ဆင့်ပွားသင်တန်း ပဲခူးမြို့၌ဖွင့်

**ပဲခူး ဒီဇင်ဘာ ၁၀**

ပဲခူးမြို့ မဇင်းရပ်ကွက် ကြေးနီကန်တိုက်အုပ်ကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝါယမ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ အမှတ်(၃)ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင် မူလတန်းအဆင့် ကြက်ခြေနီဆင့်ပွားသင်တန်း (၁/၂၀၀၆)ကို နိုဝင်ဘာ ၂၁ရက်က ဖွင့်လှစ်သင်ကြားသည်။

သင်တန်းသို့ကျောင်းသား ကျောင်းသူ ၁၀၀ကျော် တက်ရောက်သင်ကြားကြပြီး ပညာရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ နည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြသည်။ **(၁၇၃)**



## သက်ကြီးဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက် မိုးညှင်းမြို့နယ်၌ ဆေးဝါးများလှူဒါန်း

**မိုးညှင်း ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါး ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၃ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါ်စန်းစန်း ဦးဆောင်သော ကျန်းမာရေးအဖွဲ့တို့က မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မှ သက်ကြီးဘိုးဘွား ၂၀တို့အား ကျန်းမာရေး စစ်ဆေးပြီး လိုအပ်သောဆေးဝါးများကို အမျိုးသမီးရေးရာအဖွဲ့က ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **(၁၅၂)**

## ဖျာပုံဇာတိ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီမွေးနေ့အထိမ်းအမှတ် ကြေးသွန်းရုပ်တု စာကြည့်တိုက်အဆောက်အအုံအတွက် ငွေများလှူဒါန်း



**ဖျာပုံ ဒီဇင်ဘာ ၈**

ဖျာပုံမြို့ဇာတိ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ မွေးနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ဆောက်မည့် ကြေးသွန်းရုပ်တု စာကြည့်တိုက် အဆောက်အအုံအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို နိုဝင်ဘာ ၂၉ရက် မွန်းတည့် ၁၂နာရီက ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ပိုင် ဇော်ဂျီခန်းမ၌ကျင်းပသည်။

### အမှာစကား

အခမ်းအနားတွင် ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် ကျင်းပရေးအဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားပြီး ရန်ကုန်မြို့ စာပေတိုက်များမှ လှူဒါန်းသော စာအုပ်များကိုပေးအပ်ရာ ဆရာဇော်ဂျီအထိမ်းအမှတ်ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစံဦးက လက်ခံရယူသည်။ **(အပေါ်ပုံ)**

### မှတ်တမ်းလွှာ

ယင်းနောက် အလှူရှင်များက ပထမအကြိမ် စုပေါင်း၍ ငွေကျပ်၆၃၂၀၀၀၀ကိုလှူဒါန်းရာ ဒေါက်တာစံဦးက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလှူငွေများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးချစ်စံ (ချစ်စံဝင်း) ပန်းမျိုးတစ်ရာစာပေ ဖုန်း-၀၁-၂၀၂၃၇၂၊ ဒေါ်ခင်ဝင်း (ကလျာဝိဇ္ဇာ/သိပ္ပံ) ကလျာမဂ္ဂဇင်း ဖုန်း-၀၁-၅၇၉၈၂၀၊ ဦးရဲမြင့် (မောင်ရဲသူ) ချမ်းသာစာပေ ဖုန်း-၀၁-၃၈၈၉၅၅၊ ဦးစိန်ဝင်း (ဝင်းသူရ) မဟေသီမဂ္ဂဇင်း ဖုန်း-၀၁-၂၉၄၄၁၇၊ ရဲသူရ ဦးသန်းလှိုင် (ဗဟိုမီးသတ်ကြီး) ဖုန်း-၀၁-၃၇၉၂၃၁၊ ဦးအောင်မြင့် (ကြယ်နီစာပေတိုက်) ဖုန်း-၀၁-၇၂၆၉၆၃၊ ဒေါ်မေမေလွင် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၁-၅၃၄၁၄တို့သို့လည်းကောင်း၊ ဖျာပုံမြို့တွင် ဒေါက်တာစံဦး (ဥက္ကဋ္ဌ) ဖုန်း-၀၄၅-၄၀၂၅၀၊ ဦးဝေမြင့် (ရေလုပ်ငန်းရှင်) ဖုန်း-၀၄၅-၄၀၃၉၁၊ ဦးသံချောင်း (ရေလုပ်ငန်းရှင်) ဖုန်း-၀၄၅-၄၀၆၉၁၊ ဦးမြင့်အောင် (ဖိုးအောင်လေး) ဖုန်း-၀၄၅-၄၀၂၈၀၊ ဦးထင်အောင် (အောင်ရတနာပုံနှိပ်တိုက်) ဖုန်း-၀၄၅-၄၀၁၈၅နှင့် ဦးအေးအောင် (ဆန်ကုန်သည်) ဖုန်း-၀၄၅-၄၀၀၈၆ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၉)**

**ကျေးရွာ**
**တစ်ခွင်**
**သာစေချင်**
**မီးတွင်**
**မပေါ့နှင့်**

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် အပိုင်ကျေးရွာအုပ်စုအတွင်း နွေစပါး အောင်မြင်စွာ စိုက်ပျိုးရန် အောင်ရေရရှိရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ပုဂံညောင်ပင် မြေသား အောင်ရေထိန်းတမံ တာဖို့ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ရက်က အပိုင်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာနှင့် လှဇင်းဘောင်ကျေးရွာတို့မှ နွေစပါးစိုက်ပျိုးကြမည့် တောင်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး တာဖို့ခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ် ပြန်/ဆက်)





# ရွှေနတ်ကူဘုရား စိန်ဖူးတော်သစ်တင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၁၅

ဖျာပုံမြို့ အမှတ်(၄) ရပ်ကွက်ရှိ ဇေကန်ကျော်ကြား ရွှေနတ်ကူဘုရား ရွှေထီးတော်၊ စိန်ဖူးတော်အသစ်တင်လှူရန်နှင့် ရပ်ပွားတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ဖျာပုံမြို့ (၁၆)ရပ်ကွက် ချောင်းတွင်း လမ်းမကြီးနေ မိဘနှစ်ပါးနှင့် အစ်မ ဒေါ်တင်ညွန့်၊ ခင်ပွန်း ဦးအောင်သိန်းမောင်တို့အား ရည်စူး၍ ဒေါ်တင်သိန်း၊ သား၊ မြေး၊ မြစ်တို့က ရွှေနတ်ကူဘုရား ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ(ဓမ္မာစရိယ) ဂန္ထဝါစကပဏ္ဍိတထံ ငွေကျပ်သိန်း နှစ်ဆယ်ကို ဒီဇင်ဘာ ၁၃ ရက်ကလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရှိန်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ဇေကန်ကျော်ကြား ရွှေနတ်ကူဘုရားအား ရွှေသင်္ကန်းတော်သစ်တင်လှူပွဲနှင့် ပြာသာဒ်တော်ကြီးပြုပြင်မွမ်းမံရန် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဖျာပုံမြို့ သီရိမင်္ဂလာကံဦးပရိယတ္တိစာသင်တိုက် ဖုန်း-၀၄၅-၄၀၀၈၃နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၀၄၅ -၄၀၁၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၇၉)**

# ပန်းအလှပင်များ ပြုပြင်

ဟိုပုံး ဒီဇင်ဘာ ၈

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့တွင်းလမ်းဘေး ဝဲယာတစ်လျှောက်ရှိ ပန်းအလှပင်များနှင့် အရိပ်ရပင်များ သပ်ရပ်လှပရေးအတွက် ဗိုလ်တေဇလမ်းတစ်လျှောက်တွင် ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပြုပြင်မှုကို နိုဝင်ဘာ ၂၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးလွင်မြင့်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့်သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းအမှတ်(၂၃)နေ ဦးပိုမိသားစုက ဒေါ်ခင်နုနှင့်သမီးဖြစ်သူ ဒေါ်လှိုင်တင်အား ရည်စူး၍အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အမှတ်(၂၁)(၇)လွှာနေ ကိုနိုင်နိုင်-မမှုံဝတ်ရည်မိသားစုတို့က မမှုံဝတ်ရည်(ခ)ဝတ်မှုံ၏ (၃၅)နှစ်ပြည့်မွေးနေ့အဖြစ် အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် အရှင်ကုဏ္ဍက(တော်ကူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး မြေစိုက်ပိုစတာ မင်းဘူး(စကု)၌စိုက်ထူ

မင်းဘူး ဒီဇင်ဘာ ၁၄

မင်းဘူး(စကု) မြို့နယ်အဆင့် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီက ဆောင်ရွက်သော ခရိုင်တွင်းဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်နှင့်အလှူငွေများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လှူဒါန်းနိုင်ရေး လှုံ့ဆော်သည့် ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖို့ ပူးပေါင်းပါဝင်ကူညီစို့ ဆိုင်းဘုတ်ဖွင့်ပွဲ ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက် စာကြည့်တိုက်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရှင်သန်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သူရနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် ပြာသိုလဆန်း ၁ ရက်**

**၁၉-၁၂-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

၀၉း၃၅ ဟောပြောချက် (ကရင်ရိုးရာဓလေ့ယဉ်ကျေးမှုနှင့် ပွဲတော်များအကြောင်း)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအောင်မြင်ရေးအသိပညာပေး ဆွေးနွေးပွဲအကြောင်း)(ဒုတိယပိုင်း)

၁၁း၃၀ မြန်မာ့မူပဟန်ဇာတိမာန် ဟောပြောချက် (ရှေးခေတ်မြန်မာ့စစ်သည်ရဲမက်နှင့် စစ်လက်နက်) (ညွှန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (မျိုးဆက်ကွာဟမှုဆိုတဲ့စကား) (လူထုစိန်ဝင်း)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကမ္ဘာကိုရင်ပေါင်တန်းဖို့)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မေတ္တာစာများ၏ အမျိုးသားရေးလက္ခဏာ)

၁၃း၁၀ ပညာရေးအစီအစဉ် (အဋ္ဌမတန်း-ပထဝီဝင်) (ပတ်ဝန်းကျင်တိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော မြေပြင်သဏ္ဌာန်များ)

**ညနေပိုင်း**

၁၅း၃၀ Grand Royal Challenge Cup 2006 အင်ဒိုနီးရှားလက်ရွေးစင်နှင့် မြန်မာယူ ၂၃

၁၇း၀၀ တေးစီးရီး

၁၈း၀၀ မြန်မာ့လက်ရွေးစင်နှင့် မလေးရှားယူ ၂၃

၂၀း၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မြကန်ထဲက လမင်းငယ် (မောင်မောင်မြတ်သွင်)
(၂) သူသိမှာပါ (ဖြူဖြူစံ)
(၃) အိပ်မက်လှလှ မက်ပါစေ (ကိုမြသိန်း)



**ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကြည်စင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် ပြန်/ဆက်)

# ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ကလော ဒီဇင်ဘာ ၈

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ အမှတ်(၃)ရပ်ကွက် တြိဂံပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးနေမှုကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ **(နယ်စပ်/စည်ပင်)**



**မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကျွန်းတောဈေးပတ်လမ်း ကျောက်ချောရော မြေခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးလှမြင့်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော စာကြည့်တိုက်သို့ ငွေပဒေသာပင်စိုက်ထူ

ဟင်္သာတ ဒီဇင်ဘာ ၄

ဟင်္သာတမြို့ ပဲကြီးကျွန်းကျေးရွာ စာကြည့်တိုက် အမှုဆောင်အဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကို ဒီဇင်ဘာ ၄ ရက် ည ၇နာရီက ပဲကြီးကျွန်းကျေးရွာ ပဲကြီးကျွန်း စာကြည့်တိုက်ရင်ပြင်ရှေ့၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် ကျောင်းသူကျောင်းသားများက ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများယှဉ်ပြိုင်ကြပြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက စာပေနှင့်ဘဝ အလှခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွှန့်ဦးက အမျိုးသားရေးစွမ်းအားရှင် ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

**လှူဒါန်း**

ဆက်လက်၍ ပဲကြီးကျွန်းစာကြည့်တိုက်ငွေပဒေသာပင်စိုက်ထူရေးအတွက် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၃၀၀၀၀ကို ဦးညွှန့်ကြိုင်ကလည်းကောင်း၊ ဝိစာရ မြေဩဇာကုမ္ပဏီက လှူဒါန်းငွေကျပ် ၂၀၀၀၀ကို ဦးသန်းနွဲ့ကလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၅၀၀၀ကို အတွင်းရေးမှူးကလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် ၁၀၀ ကိုလည်းကောင်း လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစက်ရုံဝင်းအတွင်းရှိ အဖွဲ့ပိုင် ဟင်းသီးဟင်းရွက် စိုက်ခင်းများအတွင်း ဝန်ထမ်းများစုပေါင်း၍ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်သက်သက်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)





**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ် အတွင်း ဆောင်ရွက်သော မြို့တွင်းလမ်းများ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း ကြပ်မတ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာ ရာဂျပက္ခ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ။

နေပြည်တော် ဒီဇင်ဘာ ၁၈

မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာသည် ၁၉၃၃ ခုနှစ် မေ ၅ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဓမ္မပါလဝိဇ္ဇာလာယာနှင့် အာနန္ဒာကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် ဘာရီစတာ၏ ဥပဒေဆိုင်ရာ စာမေးပွဲဖြေဆိုရန်အတွက် လန်ဒန်ရှိ လင်ကိုလာအင်း၌ တွဲဖက်ကျောင်းသားအဖြစ် ပညာသင်ကြားခဲ့ပြီး ယင်းစာမေးပွဲ၏ ပထမပိုင်းကို အောင်မြင်ပြီးစီးခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ သီဟိုဠ် ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၅၈ခုနှစ်တွင် အာဖရိက–အာရှကျောင်းသားများအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၎င်းသည် ၁၉၆၀ ပြည့်နှစ် မတ်လတွင် ပါလီမန်အမတ်တစ်ဦးဖြစ်လာခဲ့သည်။ ၁၉၆၀ပြည့်နှစ် ဇူလိုင်လတွင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံခဲ့ရပြီး ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် တရားရေးဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာသည် ၁၉၇၆ခုနှစ်တွင် စိုက်ခင်းလုပ်ငန်းဝန်ကြီးအဖြစ် လည်းကောင်း၊ တရားရေးဝန်ကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပြည်သူ့အုပ်ချုပ်ရေး၊ ပြည်ထဲရေးနှင့် စိုက်ခင်းလုပ်ငန်းဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာ နာရာကာသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ စိုက်ခင်းလုပ်ငန်းနှင့် ယဉ်ကျေးမှုဝန်ကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❐

# ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ပူးပေါင်းဆောင်ရွက်လျက်ရှိ UN ကို အသုံးချပြီး မိမိနိုင်ငံအချုပ်အခြာအာဏာကို ထိပါးမည့်ကိစ္စများနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့် လုပ်ရပ်များကိုမူ လက်မခံနိုင်

## အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဆပွားတိုးတက်လာ ပိတ်ဆို့မှုများကြားမှ ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်၍ ကြိုးစားအားထုတ်ခဲ့ခြင်း၏ရလဒ်ဖြစ်





မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

သတင်းစာရှင်းလင်းပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A. Gomez နှင့်

စာမျက်နှာ ၉ ကော်လံ ၁ ●